# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား**

နေ့ရောညဉ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြား ရကုန်၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၂၉၆)


၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၉ ရက် | ၂၀၂၅ ခုနှစ်၊ ဇူလိုင် ၃ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၄)၊ အမှတ်(၂၇၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်၏စီးပွားရေးတိုးတက်စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်၏စီးပွားရေးတိုးတက်စေရန်အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြား

## စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ပိုမိုတိုးတက်အောင်ဆောင်ရွက်၍ ပြည်တွင်းဖူလုံမှုရှိပြီး ပြည်ပပို့ကုန်များ ပိုမိုရရှိအောင်ဆောင်ရွက်သွားကြမည်ဆိုပါက နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် များစွာအထောက်အကူပြု

နေပြည်တော် ဇူလိုင် ၂

နိုင်ငံတော်၏စီးပွားရေးတိုးတက်စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❑


**ယနေ့** *ဖတ် စ ရာ*

သာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် စွမ်းစွမ်းတမံထောက်ပံ့လှူဒါန်းခဲ့သော အမျိုးသမီးများအား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်ချီးမြှင့်အပ်နှင်း

စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

ဘွဲ့တံဆိပ်ချီးမြှင့် စာ ၆

ကမ္ဘာ့ငြိမ်းချမ်းရေး … မျှော်လင့်ရင်း ဝေးသည်ထက်ဝေး

ဆောင်းပါး စာ ၁၀

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# MSME လုပ်ငန်းများဆောင်ရွက်ရာတွင် ကုန်ကြမ်းများရရှိရေးသည် အဓိကအရေးကြီးသဖြင့် ဒေသမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကို အခြေခံသည့် MSME လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်

**❍ ဆင်းရဲမွဲတေမှုလျှော့ချရေးနှင့်ပတ်သက်၍ ကိုယ်ချင်းစာစိတ်ဖြင့် လုပ်ငန်းများ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားရမည်၊ စိုက်ပျိုးရေးလုပ်ငန်းများသာမက မွေးမြူရေးလုပ်ငန်းများကိုလည်း အောင်မြင်အောင် ဆောင်ရွက်သွားကြရန်လို၊ မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံ၏ နေရာတိုင်းတွင် ကြက်၊ ဝက်၊ ဆိတ်၊ သိုး၊ နွား၊ ငါး စသည်တို့ကို အောင်မြင်စွာမွေးမြူနိုင်သည့် အခြေအနေရှိ၊ မိမိတို့ဒေသအလိုက်၊ လူဦးရေအလိုက် နေ့စဉ် အသားငါး၊ ဥအမျိုးမျိုးနှင့် အသီးအနှံ လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားရန်လို၊ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၊ မည်သည့်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမဆို ကျေးလက်ကို ဗဟိုပြု၍ ဆောင်ရွက်ကြသည်ဖြစ်၍ ကျေးလက်နေပြည်သူများ ဝင်ငွေများပြားလာမည်ဖြစ်ပြီး ဆင်းရဲမွဲတေမှုညွှန်းကိန်းများလည်း ကျဆင်းလာနိုင်မည်**

❏ *ရှေ့ဖုံးမှ*

အစည်းအဝေးသို့ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ Video Conferencing ဖြင့် တက်ရောက်ကြသည်။

**စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွားရေးတိုးတက်လာမည်ဖြစ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာ၌ မိမိတို့နိုင်ငံ၏အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်သည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ အခြေခံစားကုန်ဖြစ်သည့် ဆန်၊ ဆီနှင့်အသားငါးများကို အထွက်နှုန်းများ တိုးတက်ထုတ်လုပ်နိုင်ခြင်းဖြင့် စားသောက်ကုန်များ၏ ဈေးနှုန်းမှာ သင့်တင့်သည့်ဈေးနှုန်းတစ်ခုဖြစ်ရန် လိုကြောင်း၊ မိမိအနေဖြင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်စေရေး အမြဲမပြတ် တိုက်တွန်းပြောကြားလျက်ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရှိပြီးဖြစ်သည့် အခြေခံကောင်းများကို အသုံးချ၍ ကုန်ထုတ်လုပ်မှု တိုးတက်အောင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ် စသည့်သီးနှံများကို စိုက်ပျိုးလျက်ရှိသော်လည်း ပြည်တွင်းဆီဖူလုံမှုမှာ လိုအပ်ချက်များရှိနေခြင်းကြောင့် စားသုံးဆီများကို ပြည်ပမှ တင်သွင်းနေရကြောင်း၊ ဆီဖူလုံရေး အမြဲတွန်းအား ပေးဆောင်ရွက်သွားရန်လိုကြောင်း။

နိုင်ငံတစ်ခု၏စီးပွားရေးကို GDP ဖြင့် တိုင်းတာကြကြောင်း၊ ၂၀၂၄ -၂၀၂၅ ခုနှစ် ဘဏ္ဍာနှစ်တွင် မိမိတို့နိုင်ငံ၏ GDP မှာ အမေရိကန်ဒေါ်လာ ၇၆ ဒသမ ၄ ဘီလီယံ ရှိကြောင်း၊ ၂၀၂၅- ၂၀၂၆ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၈၁ ဒမသ ၆ ဘီလီယံအထိ မျှော်မှန်းဆောင်ရွက်လျက်ရှိပြီး ၅ ဒသမ ၂ ဘီလီယံခန့် တိုးတက်အောင် ရည်မှန်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထိုသို့မိမိတို့အနေဖြင့် မျှော်မှန်းဆောင်ရွက်နေချိန်တွင် ကမ္ဘာ့ဘဏ်မှမိမိတို့နိုင်ငံ၏ စီးပွားရေးကို ယခင်က ၂ ဒသမ ၅ အထိ မျှော်မှန်းထားသော်လည်း လက်ရှိအချိန်တွင် အနုတ် ၂ ဒသမ ၅ အထိကျဆင်းနိုင်သည်ဟု ခန့်မှန်းထားသည်ကို တွေ့ရှိရကြောင်း၊ ၎င်းတို့ တွက်ချက်သည့်စာရင်းများတွင် အချက်အလက်များ မှန်ကန်မှုမရှိခြင်းနှင့် ပြည့်စုံမှုမရှိခြင်းများရှိသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံအတွက် အရေးကြီးသည်မှာ အမှန်တကယ်အလုပ်လုပ်ရန် လိုကြောင်း၊ မည်သို့ပင် နိုင်ငံ၏ GDP ကျဆင်းမည်ဟု ၎င်းတို့အနေဖြင့် မျှော်မှန်းထားသော်လည်း နိုင်ငံအတွင်း နေထိုင်သူများက ကြိုးပမ်းဆောင်ရွက်ပါက နိုင်ငံ၏ GDP မှာ တိုးတက်လာမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် အာဆီယံနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက GDP နည်းပါးလျက်ရှိသဖြင့် GDP တိုးတက်စေရေး ကုန်ထုတ်လုပ်ငန်းများတိုးတက်အောင် စွမ်းအားရှိသမျှ အားထုတ်ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ မိမိအနေဖြင့် ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက ဘယ်လာရုစ်နိုင်ငံတွင် ကျင်းပပြုလုပ်သည့် စတုတ္ထအကြိမ် ဥရောပ-အာရှ စီးပွားရေးဖိုရမ် (EEF 2025) သို့ တက်ရောက်ခဲ့ကြောင်း၊ ဘယ်လာရုစ်နိုင်ငံသည် Agro base industries ကို ဆောင်ရွက်သည့်နိုင်ငံတစ်ခုဖြစ်ကြောင်း၊ ဘယ်လာရုစ်နိုင်ငံ၏ GDP မှာ အမေရိကန်ဒေါ်လာ ၇၃ ဒသမ ၁ ဘီလီယံရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးပို့ကုန်များမှရရှိမှုမှာ အမေရိကန်ဒေါ်လာ ၆ ဒသမ ၈ ဘီလီယံ မှ ၈ ဒသမ ၂ ဘီလီယံရှိကြောင်း၊ မြန်မာနိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးပို့ကုန်များမှ ရရှိမှုမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၈ ဘီလီယံခန့်သာရှိကြောင်း၊ ဘယ်လာရုစ်နိုင်ငံ၏ ထက်ဝက်ခန့်သာရှိပြီး ခေတ်မီစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း၊ ထို့ကြောင့် ဖိုရမ်တက်ရောက်ရန် အဓိကဖြစ်သော်လည်း နိုင်ငံအတွက်အချိန်ပေး၍ ၎င်းကဏ္ဍများကို လေ့လာခဲ့ကြောင်း၊ မိမိတို့နိုင်ငံနှင့် နှိုင်းယှဉ်ပါက မိမိတို့နိုင်ငံထက် ဧရိယာအကျယ်အဝန်းအရ သေးငယ်ခြင်း၊ လူနေထိုင်မှုအရ နည်းပါးခြင်းရှိသော်လည်း GDP မှာ ပိုမိုမြင့်မားသည်ကို တွေ့ရကြောင်း၊ ဘယ်လာရုစ်နိုင်ငံအနေဖြင့် ခေတ်မီသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်၍ ထုတ်ကုန်များကို ထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့နိုင်မှု ပိုမိုများပြားသည်ကို လေ့လာတွေ့ရှိရကြောင်း၊ ကမ္ဘာပေါ်၌ အဆင့်မီလယ်ထွန်စက်ပစ္စည်းများ ထုတ်လုပ်တင်ပို့သည့် နိုင်ငံတစ်ခုဖြစ်သည်ဟု သိရှိခဲ့ရကြောင်း၊ အလားတူ မွေးမြူရေးနှင့် ပတ်သက်၍လည်း နို့စားနွားများမွေးမြူ၍ ခေတ်မီစက်ကိရိယာများ အသုံးပြုပြီး နို့ထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းများ ဆောင်ရွက်၍ ပြည်ပသို့တင်ပို့သည်ကို လေ့လာသိရှိခဲ့ရကြောင်း။

အလားတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Republic of Buryatia သို့ ရောက်ရှိချိန်တွင်လည်း ၎င်းတို့အနေဖြင့် ဒေသတွင်းမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌ ခေတ်မီနည်းစနစ်များကိုအသုံးပြု၍ မျိုးကောင်းမျိုးသန့်များဖြင့်မွေးမြူပြီး ထွက်ရှိလာသည့် အသားများကို ပြည်ပသို့တင်ပို့လျက်ရှိသည်ကို သိရှိခဲ့ရကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုဆောင်ရွက်ရာ၌ ၎င်းနိုင်ငံများ၏ ကုန်ထုတ်လုပ်မှုနည်းလမ်းများကို အတုယူ၍ မိမိတို့နိုင်ငံတွင်ရှိပြီးဖြစ်သည့် အခြေခံကောင်းများကို အသုံးချပြီး စနစ်တကျဖြင့် ဆောင်ရွက်သွားမည်ဆိုပါက ၎င်းတို့ကဲ့သို့ အောင်မြင်သည့် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် တစ်နိုင်ငံလုံး ဆန်ဖူလုံမှုအနေဖြင့် ၁၇၀ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ ဆန်ဖူလုံမှုမရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များလည်းရှိသည်ကို တွေ့ရှိရပြီး ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီအောင် စနစ်တကျစိုက်ပျိုး၍ အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားမည်ဆိုပါက တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ဆန်ဖူလုံမှုများရှိလာမည်ဖြစ်ကြောင်း၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ဆန်ဖူလုံမှုမရှိသည်ကို တွေ့ရကြောင်း၊ အဆိုပါ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ပန်းတိုင်ရည်မှန်းချက်အတိုင်း ပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ချင်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးမှ လွဲ၍ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆန်ဖူလုံမှု တိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံမှ ထွက်ရှိသည့် ဆန်များကို ပြည်ပနိုင်ငံများသို့ အရည်သွေးပြည့်မီစွာဖြင့် ထုတ်လုပ်တင်ပို့နိုင်မည်ဆိုပါက နိုင်ငံခြားဝင်ငွေများပိုမိုရရှိလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် စိုက်ပျိုးရေးကုန်ထုတ်လုပ်မှုလုပ်ငန်းများတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စပါးစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အစေ့ချစိုက်ပျိုးခြင်း၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းများ ဆောင်ရွက်ရန် တိုက်တွန်းခဲ့ပြီး လုပ်ငန်းများပိုမိုတိုးတက်လာသည်ကိုတွေ့ရကြောင်း၊ စပါးစိုက်ပျိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပင်ကြားတန်းကြားများ မှန်ကန်ရန်နှင့် ကောက်ကွက်များ ပြည့်မီမှသာ စပါးပင်များ ရှင်သန်ဖြစ်ထွန်း၍ အထွက်နှုန်းများ တိုးတက်လာမည်ဖြစ်ကြောင်း၊ အပင်ရှိမှသာ အနှံ၊ အစေ့နှင့်အသီးများ ရှိလာမည်ဖြစ်သဖြင့် အပင်များ စနစ်တကျ ရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးကြရန် လိုကြောင်း။

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

သီးနှံများအထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်သကဲ့သို့ စိုက်ဧကများကို တိုးချဲ့ဆောင်ရွက်ပြီး သီးထပ်များ စိုက်ပျိုးသွားရန်လည်း လိုကြောင်း၊ ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း မိုးစပါးစိုက်ပျိုးမှု စုစုပေါင်းမှာ ဧက ၁၇ သန်းရှိကြောင်း၊ အသားတင်စိုက်ပျိုးမှုမှာ ဧက ၁၅ သန်းရှိပြီး သီးထပ်စိုက်ပျိုးမှုမှာ ဧက ၂ ဒသမ ၂၄ သန်း၊ သီးညှပ်စိုက်ပျိုးမှုမှာ ဧက ၂၈၀၀၀ ရှိကြောင်း၊ တစ်နှစ်လုံးတွင် စပါးတစ်သီးတည်းသာ စိုက်ပျိုးသည့် လယ်ယာမြေမှာ ဧက ၇ ဒသမ ၃၃ သန်းရှိကြောင်း၊ အဆိုပါစိုက်ပျိုးမြေများပေါ်၌ စပါး (သို့မဟုတ်) အခြားသီးနှံများကို သီးထပ်စိုက်ပျိုးသွားမည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်နှစ်တွင် တစ်သီးသာစိုက်ပျိုးသည့် စိုက်ပျိုးမြေမှာ ဧက သန်း ၂၀ ခန့်ရှိကြောင်း။

**အားထည့်ဆောင်ရွက်**

စိုက်ပျိုးရေးလုပ်ငန်းများအောင်မြင်မှုရှိစေရေး တိုင်းဒေသကြီးနှင့်ပြည်နယ်များက အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့်ပတ်သက်၍ ပန်းတိုင်ရည်မှန်းချက် ပြည့်မီစေရေး အပင်အရေအတွက် ပြည့်မီအောင် စနစ်တကျ စိုက်ပျိုးခြင်းမှစ၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မျိုးသန့်အသုံးပြုခြင်း၊ မြေဩဇာထည့်ခြင်း၊ မြေပြုပြင်ခြင်းများကိုဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထို့ပြင် စိုက်ပျိုးရေ၊ အောင်ရေများ ရရှိရေးအတွက်လည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့အနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို မဖြစ်မနေအောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ အနေဖြင့်လည်း မိမိတို့ ဆက်လက်တာဝန်ယူရမည့်ကာလအတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာခဲ့သည့် အခြေအနေမှလွဲ၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့်နီးနွယ်သည့် စီးပွားရေးလုပ်ငန်းများကို အောင်မြင်အောင်အားထည့်၍ ဆောင်ရွက်သွားရန် မှာကြားလိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းများအောင်မြင်မှုကို မိမိတို့ အစိုးရ၏ မှတ်ကျောက်အဖြစ်ကျန်ရှိအောင် ဆောင်ရွက်ပေးရန် ပြောကြားလိုကြောင်း။

**စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမွဲတေမှုလျှော့ချရေးကို များစွာအထောက်အကူဖြစ်စေမည်**

မြန်မာနိုင်ငံ၏ ဆင်းရဲမွဲတေမှုအညွှန်းကိန်းသည် ပိုမိုမြင့်တက်လာသည်ဟု သုံးသပ်မှုများရှိခဲ့ပြီး ဆင်းရဲမွဲတေမှုနှင့်ပတ်သက်၍ စီးပွားရေးလုပ်ငန်းများ အောင်မြင်မှုမရှိခြင်းနှင့် သဘာဝဘေးအန္တရာယ်ကြောင့် အလုပ်မလုပ်နိုင်၍ ဆင်းရဲမွဲတေခြင်းဟူ၍ ဖြစ်နိုင်ခြေနှစ်ရပ်ရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေသူများဖြစ်ပြီး ၃၀ ရာခိုင်နှုန်းသည် မြို့ပေါ်နေသူများဖြစ်ကြောင်း၊ ယင်းတို့အနက် ၅၀ ရာခိုင်နှုန်းကျော်ခန့်သည် စိုက်ပျိုးမွေးမြူရေးနှင့် သစ်တောကဏ္ဍတို့တွင် တစ်နည်းနည်းဖြင့် လုပ်ကိုင်နေကြသူများဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ကျေးလက်နေပြည်သူများ အဓိကထားလုပ်ကိုင်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ပေးနိုင်မည်ဆိုပါက ဆင်းရဲမွဲတေမှု လျှော့ချရေးတွင် များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ ဆင်းရဲမွဲတေမှုလျှော့ချရေးနှင့်ပတ်သက်၍ ကိုယ်ချင်းစာစိတ်ဖြင့် လုပ်ငန်းများအောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများသာမက မွေးမြူရေးလုပ်ငန်းများကိုလည်း အောင်မြင်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံ၏နေရာတိုင်းတွင် ကြက်၊ ဝက်၊ ဆိတ်၊ သိုး၊ နွား၊ ငါး စသည်တို့ကို အောင်မြင်စွာမွေးမြူနိုင်သည့် အခြေအနေရှိကြောင်း၊ မိမိတို့ဒေသအလိုက်၊ လူဦးရေအလိုက် နေ့စဉ်အသားငါး၊ ဥအမျိုးမျိုးနှင့် အသီးအနှံ

**ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းအခြေအနေ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အထိ**

(ကျပ်ဘီလီယံ)

| စဉ် | အကြောင်းအရာ | ၂၀၂၀-၂၀၂၁ (အမှန်) | ၂၀၂၁-၂၀၂၂ (၆)လ (အမှန်) | ၂၀၂၂-၂၀၂၃ (အမှန်) | ၂၀၂၃-၂၀၂၄ (ရွှေ့ပြောင်းအမှန်) | ၂၀၂၄-၂၀၂၅ (ယာယီအမှန်) | ၂၀၂၅-၂၀၂၆ (မူလခန့်မှန်းခြေ) |
|---|---|---|---|---|---|---|---|
| ၁ | စုစုပေါင်းရငွေ | ၁၇,၅၈၅.၅၅၀ | ၁၂,၆၀၁.၅၇၀ | ၂၆,၇၂၅.၄၆၄ | ၂၇,၈၉၂.၉၈၅ | ၃၄,၅၅၃.၅၀၉ | ၃၈,၂၄၂.၃၁၁ |
| ၂ | စုစုပေါင်းအသုံးစရိတ် | ၂၅,၇၆၁.၀၄၄ | ၁၄,၂၀၉.၂၆၆ | ၃၀,၁၆၂.၆၄၄ | ၃၁,၈၃၀.၁၅၈ | ၃၈,၈၆၂.၃၄၇ | ၄၆,၅၉၅.၂၃၁ |
| ၃ | ပိုငွေ(+)/လိုငွေ(-) | -၈,၁၇၅.၄၉၄ | -၁,၆၀၇.၆၉၆ | -၃,၄၃၇.၁၈၀ | -၃,၉၃၇.၁၇၃ | -၄,၃၀၈.၈၃၈ | -၈,၃၅၂.၉၂၀ |
| ၄ | ဂျီဒီပီတန်ဖိုး | ၁၀၈,၂၀၅.၇၂၄ | ၇၅,၀၄၄.၆၆၃ | ၁၂၅,၃၃၈.၉၅၁ | ၁၄၀,၁၉၁.၀၀၀ | ၁၆၀,၆၅၄.၈၂၇ | ၁၇၁,၄၉၈.၁၂၅ |
| ၅ | လိုငွေနှင့်ဂျီဒီပီအချိုး | ၇.၅၆% | ၂.၁၄% | ၂.၇၄% | ၂.၈၁% | ၂.၆၈% | ၄.၈၇% |

**၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း**

(ကျပ်ဘီလီယံ)

| စဉ် | အကြောင်းအရာ | မူလခန့်မှန်းခြေ | ပြုပြင်ခန့်မှန်းခြေ | ယာယီအမှန် |
|---|---|---|---|---|
| ၁ | စုစုပေါင်းရငွေ | ၃၁,၇၉၄.၃၃၂ | ၃၅,၈၆၃.၆၉၆ | ၃၄,၅၅၃.၅၀၉ |
| | (က) သာမန် | ၂၈,၈၇၆.၆၆၁ | ၃၃,၁၅၂.၉၇၉ | ၃၃,၂၉၆.၈၂၀ |
| | (ခ) ငွေလုံးငွေရင်း | ၄၆၁.၇၅၅ | ၄၈၀.၉၆၉ | ၁၉၃.၇၂၈ |
| | (ဂ) ကြွေးမြီ | ၂,၄၅၅.၉၁၆ | ၂,၂၂၉.၇၄၈ | ၁,၀၆၂.၉၆၁ |
| ၂ | စုစုပေါင်းအသုံးစရိတ် | ၃၉,၆၇၂.၆၂၀ | ၄၂,၂၄၃.၅၆၉ | ၃၈,၈၆၂.၃၄၇ |
| | (က) သာမန် | ၃၁,၄၄၃.၃၆၆ | ၃၂,၉၁၈.၆၁၄ | ၃၁,၀၆၄.၄၃၆ |
| | (ခ) ငွေလုံးငွေရင်း | ၅,၈၁၁.၂၅၈ | ၇,၃၅၂.၃၃၆ | ၆,၆၁၈.၄၈၂ |
| | (ဂ) ကြွေးမြီ | ၂,၄၁၇.၉၉၆ | ၁,၉၇၂.၆၁၉ | ၁,၁၇၉.၄၂၉ |
| ၃ | ပိုငွေ(+)/လိုငွေ(-) | -၇,၈၇၈.၂၈၈ | -၆,၃၇၉.၈၇၃ | -၄,၃၀၈.၈၃၈ |
| ၄ | ဂျီဒီပီတန်ဖိုး | ၁၅၅,၅၄၃.၅၃၄ | ၁၅၅,၅၄၃.၅၃၄ | ၁၆၀,၆၅၄.၈၂၇ |
| ၅ | လိုငွေနှင့်ဂျီဒီပီအချိုး | ၅.၀၇% | ၄.၁၀% | ၂.၆၈% |

လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ မည်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမဆို ကျေးလက်ကို ဗဟိုပြု၍ ဆောင်ရွက်ကြသည်ဖြစ်၍ ကျေးလက်နေပြည်သူများဝင်ငွေများပြားလာမည်ဖြစ်ပြီး ဆင်းရဲမွဲတေမှုညွှန်းကိန်းများလည်း ကျဆင်းလာနိုင်မည်ဖြစ်ကြောင်း။

**ဝါနှင့် ဝါးကို နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အဓိကလုပ်ငန်းများအဖြစ် ထည့်သွင်းဆောင်ရွက်**

စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို အခြေခံသည့် MSME လုပ်ငန်းများနှင့် ပတ်သက်၍ မိမိတို့အနေဖြင့် ၂၀၂၁ ခုနှစ်ခန့်မှစ၍ အားပေးဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ လုပ်ငန်းများလည်ပတ်ကာ အောင်မြင်မှုများရရှိနေသည်ကိုတွေ့မြင်ရကြောင်း၊ နိုင်ငံတကာကိုကြည့်ပါကလည်း MSME လုပ်ငန်းများကို အားပေးမြှင့်တင်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံမှ MSME လုပ်ငန်းများကို ကြည့်မည်ဆိုပါက အများစုသည် စားကုန်၊ သောက်ကုန်ပစ္စည်းများ ဖြစ်သည်ကို တွေ့မြင်ရသဖြင့် အခြားဈေးကွက်ဝင်ထုတ်ကုန်များဖြစ်သည့် စက်မှုထုတ်ကုန်များ၊ လယ်ယာလုပ်ငန်းသုံးထုတ်ကုန်များကို ပိုမိုထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ထုတ်ကုန်များ ထုတ်လုပ်ရာတွင် အလုပ်လုပ်ပြီး ထုတ်လုပ်ရသည့်ထုတ်ကုန်များရှိသကဲ့သို့ သဘာဝမှ ပေးထားသည်များနှင့် ထုတ်လုပ်၍ရသည့် ထုတ်ကုန်များလည်းရှိကြောင်း၊ ဥပမာအားဖြင့် သဘာဝအတိုင်း ပေါက်ရောက်လျက်ရှိသည့် ဝါးနှင့် ပတ်သက်၍ ထုတ်ကုန်ပစ္စည်းများ များစွာထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ အကျိုးရှိရှိအသုံးချနိုင်မည်ဆိုပါက နိုင်ငံ့ဝင်ငွေများစွာရရှိစေနိုင်မည် ဖြစ်သဖြင့် သတိချပ်စေလိုကြောင်း၊ စိုက်ပျိုးသီးနှံနှင့်ပတ်သက်၍ ဝါစိုက်ဧက ၅ သိန်းခန့်ရှိကြောင်း၊ ဝါကို အခြေခံသည့်စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံ့စီးပွားမြှင့်တင်ရေးကို အထောက်အကူများစွာဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ ဝါသီးနှံသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာကောင်းသည့် သီးနှံတစ်ခုဖြစ်သဖြင့် အားပေးတိုးချဲ့ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဝါနှင့် ဝါးကို နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အဓိကလုပ်ငန်းများအဖြစ် ထည့်သွင်းဆောင်ရွက်သင့်ကြောင်း။

**အမှန်တကယ်အလုပ်လုပ်ရန်ဖြစ်**

ပြည်ပမှသွင်းကုန်များအစားထိုးရန်၊ ပြည်တွင်းစီးပွားရေးကိုအားပေးရန်၊ အရည်အသွေးပြည့်မီသည့် ထုတ်ကုန်ပစ္စည်းများထုတ်လုပ်၍ ပြည်ပသို့တင်ပို့ကာ နိုင်ငံခြားငွေ ရှာဖွေနိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်စေခြင်းဖြစ်ကြောင်း၊ MSME လုပ်ငန်းများဆောင်ရွက်ရာတွင် ကုန်ကြမ်းများရရှိရေးသည် အဓိကအရေးကြီးသဖြင့် ဒေသမှထွက်ရှိသည့်ထုတ်ကုန်ပစ္စည်းများကို အခြေခံသည့် MSME လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်စေခြင်းဖြစ်ကြောင်း၊ သွင်းအားစုများဖြစ်သည့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများ၊ စက်မောင်းဆီများနှင့် လျှပ်စစ်ဓာတ်အားများကိုလည်း ဖြည့်ဆည်းပေးရန်လိုကြောင်း၊ ငွေကြေးအရင်းအနှီးများလည်း ပြည့်စုံရန်လိုသကဲ့သို့ လူသားအရင်းအမြစ်ကောင်းများလည်း လုံလောက်စွာရရှိရန်လိုအပ်မည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် နိုင်ငံအတွင်း MSME လုပ်ငန်းများကို သွားရောက်အားပေးဆောင်ရွက်ခဲ့ရာတွင် လုပ်သားရှားပါးမှုနှင့် ပတ်သက်၍ တင်ပြမှုများရှိကြောင်း၊ သို့ဖြစ်၍ ၂၀၂၄ ခုနှစ်တွင် မိမိတို့နိုင်ငံ၌ရှိသည့် လူဦးရေအပေါ်တွင် အခြေခံသည့် အလုပ်လုပ်နိုင်သည့်သူစာရင်းအား တောင်းခံခဲ့ကြောင်း၊ အချက်အလက်များအရ အလုပ်လုပ်နိုင်သည့်သူ (အသက် ၁၅ နှစ်အထက်မှ ၆၅ နှစ်အကြား) လူဦးရေခန့်မှန်းခြေအနေဖြင့် ၃၄ ဒသမ ၈၀၆ သန်းရှိကြောင်း၊ တစ်နည်းမဟုတ်တစ်နည်းဖြင့် အလုပ်လုပ်နေသည့်သူမှာ ၁၉ ဒသမ ၁၄၁ သန်းရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်းအနေဖြင့် ၁ သန်းကျော်ရှိကြောင်း၊ တက္ကသိုလ်ပညာသင်ကြားနေသူ ၁ ဒသမ ၄ သိန်းရှိကြောင်း၊ ပြည်တွင်း၊ ပြည်ပ၌ အလုပ်သမားအဖြစ် မှတ်ပုံတင်၍ အလုပ်လုပ်နေသူ ၁၇ ဒသမ ၁၃၀ သန်းရှိကြောင်း၊ လုပ်အားအင်အားများရှိနေသော်လည်း အကျိုးရှိရှိအသုံးချနိုင်ရန် လိုအပ်နေခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် အလုပ်လုပ်ကိုင်နိုင်မည့် ရေခံမြေခံကောင်းများ၊ အခြေခံကောင်းများရှိပြီးဖြစ်သော်လည်း အမှန်တကယ်အလုပ်လုပ်ရန် လိုအပ်နေသေးကြောင်း၊ အလုပ်လုပ်နိုင်ရေးအတွက်လည်း ဖန်တီးပေးရန်လိုပြီး နိုင်ငံတော်အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေများ ထုတ်ပေးထားပြီးဖြစ်ကြောင်း၊ ဆက်လက်၍လည်း တင်ပြနေသည်များကို ထုတ်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အနေဖြင့် လိုအပ်သည့်အရင်းအနှီးများ၊ နည်းပညာများကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အရေးကြီးသည်မှာ အမှန်တကယ်အလုပ်လုပ်ရန်ဖြစ်ကြောင်း။

**မြေတောင်မြှောက်ပေးရမည်**

ကမ္ဘာ့ဘဏ်အနေဖြင့် မိမိတို့နိုင်ငံတွင် ပဋိပက္ခများကြောင့် ကုန်ထုတ်လုပ်မှုများ ထိခိုက်၍ အလုပ်မလုပ်နိုင်ခြင်း၊ မန္တလေးငလျင်ကြီး ဖြစ်ပေါ်ခဲ့မှုကြောင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်ရခြင်း စသည်တို့ကြောင့် GDP လျော့နည်းနိုင်သည်ဟု သုံးသပ်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ငလျင်သဘာဝဘေးအလွန် ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များ၌ စီးပွားရေးလုပ်ငန်းများ အမြန်ဆုံး ပြန်လည်ဦးမော့လာစေရေး အတိုးနှုန်းသက်သာစွာဖြင့် ရင်းနှီးမြှုပ်နှံငွေများ ထုတ်ပေးရေးသည်လည်း ပါဝင်ကြောင်း၊ မိမိတို့အနေဖြင့် ထိခိုက်ခဲ့ရသည့် နိုင်ငံ့စီးပွားပြန်လည်ကောင်းမွန်စေရေး အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ရေးကို အားပေးဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံ့စီးပွားတိုးတက်ရေးတွင် ဆောင်ရွက်လိုသူများကို မြေတောင်မြှောက်ပေးရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံ့စီးပွားသည်လည်း တိုးတက်လာနိုင်မည်ဖြစ်သည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏ စီးပွားရေးတိုးတက်စေရေးနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဘဏ္ဍာရေးနှစ်အလိုက် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း အခြေအနေများ၊ သဘာဝဘေးဒဏ်ကြောင့် အရေးပေါ်ရန်ပုံငွေသုံးစွဲခဲ့ရမှု အခြေအနေများနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေသို့ ထောက်ပံ့ငွေများပေးအပ်ခဲ့မှု၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း ရေးဆွဲထားရှိမှု၊ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်းများ၊ MSME ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေမှသုံးစွဲငွေနှင့် လက်ကျန်ငွေအခြေအနေများ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ထူထောင်ခဲ့မှုနှင့် ထပ်မံထည့်ဝင်ခဲ့မှုနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ထုတ်ပေးခဲ့မှုများကို လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးမွေးမြူရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်၍ ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်လျက်ရှိမှု၊ ၂၀၂၀-၂၀၂၁ မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အထိ ပို့ကုန်သွင်းကုန်ပမာဏများနှင့် ဝင်ငွေထွက်ငွေများအား လေ့လာတွေ့ရှိရမှု၊ အိမ်နီးချင်းနိုင်ငံများ၏ ထုတ်လုပ်မှုနှင့် ပို့ကုန်ပမာဏများအား လေ့လာတွေ့ရှိရမှုများကို လည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းအင်ကဏ္ဍတွင် ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေများ၊ ရေနံထွက်ပစ္စည်းများ တင်သွင်းမှုလျှော့ချနိုင်ရန် စီမံဆောင်ရွက်လျက်ရှိမှု၊ အဆင့်မြင့်လောင်စာဆီများ ကိုယ်တိုင်ထုတ်လုပ်သုံးစွဲနိုင်ရန် ဆောင်ရွက်လျက်ရှိမှုနှင့် ကိုယ်တိုင်ထုတ်လုပ်သုံးစွဲနိုင်ခြင်း၏ အကျိုးကျေးဇူးများ၊ ဓာတ်မြေဩဇာများ တင်သွင်းမှုလျှော့ချနိုင်ရန် စီမံဆောင်ရွက်လျက်ရှိမှု၊ စွမ်းအင်ကဏ္ဍ တိုးတက်စေရန်အတွက် အခြေခံအချက်ကြီးများကိုလည်းကောင်း၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် MSME ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ရေးအတွက် ကော်မတီ၊ ကော်မရှင်များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိမှု၊ MSME ထုတ်ကုန်ပြပွဲများ ကျင်းပဆောင်ရွက်ခဲ့မှု၊

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

ဆောက်လုပ်ရေးလုပ်ငန်းသုံး သံနှင့်သံမဏိများ အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရေး၊ ဘိလပ်မြေထုတ်လုပ်သည့် စက်ရုံများ စွမ်းအားပြည့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ခဲ့မှု၊ စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ စက်မှုကုန်ထုတ်လုပ်ငန်းများ တိုးတက်စေရေး ဆောင်ရွက်လျက်ရှိမှု၊ မြန်မာ့ဆေးဝါးများ တိုးတက်ထုတ်လုပ်လျက်ရှိမှု၊ နိုင်ငံပိုင်စက်ရုံများ၏ ဘဏ္ဍာရေးနှစ်အလိုက် ကုန်ထုတ်လုပ်မှုများ ဆောင်ရွက်ခဲ့မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက နိုင်ငံတော်၏စီးပွားရေး တိုးတက်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

**လုံလောက်စွာထုတ်လုပ်**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆေးဝါးထုတ်လုပ်မှုနှင့်ပတ်သက်၍ ပြည်တွင်းအဓိကလိုအပ်ချက်အများဆုံးရှိသည့် ဆေးများကို ပြည်တွင်း၌လုံလောက်စွာ ထုတ်လုပ်နိုင်ရေးဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့အနေဖြင့် MSME လုပ်ငန်းများအားပေးဆောင်ရွက်ရာတွင် ပြည်တွင်းမှထွက်ရှိသည့် ကုန်ကြမ်းပစ္စည်းများကို အဓိကထား၍ ထုတ်ကုန်ပစ္စည်းများ ပိုမိုတိုးတက်ထုတ်လုပ်ပြီး ပြည်ပသို့ တိုးမြှင့်တင်ပို့နိုင်ရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုများဆောင်ရွက်ရာတွင် ဈေးကွက်လိုအပ်ချက်ရှိသည့် ထုတ်ကုန်များကို အဓိကထား၍ ပမာဏများများဖြင့် အရည်အသွေးကောင်းမွန်စွာ ထုတ်လုပ်ရောင်းချနိုင်ရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

**နိုင်ငံ့စီးပွားတိုးတက်ရေး ဦးစားပေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယနေ့ဆွေးနွေးခဲ့သည့် အကြောင်းအရာများမှာ ကောင်းမွန်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံ့စီးပွားတိုးတက်ရေးနှင့် ကုန်ဈေးနှုန်းများ ကျဆင်းရေးအတွက် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ရေရှည်အတွက် ဆောင်ရွက်ရမည့် ကိစ္စရပ်များရှိသကဲ့သို့ လတ်တလောဖြေရှင်းရန်လိုအပ်သည့် ကိစ္စရပ်များကိုလည်း ဖြေရှင်းဆောင်ရွက်သွားရန်လိုကြောင်း၊ အချိန်တိုကာလအတွင်း နိုင်ငံ့စီးပွားတိုးတက်ရေးကို ဦးစားပေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရန် လိုအပ်ချက်များကိုလည်း တတ်နိုင်သမျှ ဖြည့်ဆည်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သုတေသနလုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းများ ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း။

**သုတေသနပြုဆောင်ရွက်**

စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာ၌ လက်ရှိအခြေအနေနှင့် ကိုက်ညီသည့် အထွက်ကောင်းမျိုးများနှင့် အရည်အသွေးကောင်းမွန်သည့် မျိုးများကို စိုက်ပျိုးထုတ်လုပ်နိုင်ရေး သုတေသနပြုဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်တွင်းဂျုံဖူလုံမှုရှိအောင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြောင်းစိုက်ပျိုးထုတ်လုပ်မှုသည်လည်း နိုင်ငံအတွက်လိုအပ်ချက်တစ်ခုဖြစ်သဖြင့် အရည်အသွေးပြည့်မီသည့် ပြောင်းကုန်ကြမ်းများထုတ်လုပ်၍ ပြည်တွင်း၌ ပြောင်းထွက်ကုန် ကုန်ချောများကို ထုတ်လုပ်တင်ပို့နိုင်ရန်လိုကြောင်း၊ ဆီထွက်သီးနှံဖြစ်သည့် နေကြာစိုက်ပျိုးထုတ်လုပ်မှုတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းဆီဖူလုံမှုကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် စိုက်ပျိုးဖြစ်ထွန်းသည့် မြန်မာဒူးရင်းနှင့် စိန်တလုံးသရက်ကဲ့သို့သော သီးနှံများကို အရည်အသွေး ကောင်းမွန်စွာဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ရေး သုတေသနပြုဆောင်ရွက်ရန်လိုကြောင်း၊ ဒေသနှင့်ကိုက်ညီသည့် သီးနှံများကို ဇုန်များအလိုက်ခွဲ၍ စိုက်ပျိုးဆောင်ရွက်သွားမည်ဆိုပါက သီးနှံများကို တစ်နေရာတည်း၌ အရည်အသွေးကောင်းမွန်စွာဖြင့် အရေအတွက်များများ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ မီးဖိုချောင်သုံးသီးနှံများဖြစ်သည့် ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အာလူးနှင့် အခြားသီးနှံများကိုလည်း တိုးတက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်မည်ဆိုပါက တောင်သူများအတွက် တိုက်ရိုက်အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

- ❍ **ဆေးဝါးထုတ်လုပ်မှုနှင့်ပတ်သက်၍ ပြည်တွင်းအဓိက လိုအပ်ချက် အများဆုံးရှိသည့်ဆေးများကို ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်ရေးဆောင်ရွက်သွားရန်လိုပြီး ကုန်ထုတ်လုပ်မှုများဆောင်ရွက်ရာတွင် ဈေးကွက်လိုအပ်ချက်ရှိသည့် ထုတ်ကုန်များကို အဓိကထား၍ ပမာဏများများဖြင့် အရည်အသွေးကောင်းမွန်စွာ ထုတ်လုပ်ရောင်းချနိုင်ရန်လို**
- ❑ **မြန်မာဒူးရင်းနှင့် စိန်တလုံးသရက်ကဲ့သို့သော သီးနှံများကို အရည်အသွေးကောင်းမွန်စွာဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ရေး သုတေသနပြုဆောင်ရွက်ရန်လိုပြီး မီးဖိုချောင်သုံးသီးနှံများဖြစ်သည့် ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အာလူးနှင့် အခြားသီးနှံများကိုလည်း တိုးတက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်မည်ဆိုပါက တောင်သူများအတွက် တိုက်ရိုက်အကျိုးဖြစ်ထွန်းစေမည်**

**တရားမဝင်ကုန်သွယ်မှုများ ကြပ်မတ်ဆောင်ရွက်**

သုတေသနလုပ်ငန်းသည် နိုင်ငံအတွက်အဓိကလိုအပ်သည့် သီးနှံများထုတ်လုပ်ရေးတွင် တိုးတက်မှုများကို ဖြစ်ပေါ်စေမည်ဖြစ်ပြီး နိုင်ငံ့စီးပွားတိုးတက်မှုကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ အလားတူ မွေးမြူရေးနှင့်ပတ်သက်၍လည်း ဒေသကြက်မွေးမြူခြင်းလုပ်ငန်းသည်လည်း ပြည်တွင်းပြည်ပဈေးကွက်ရှိပြီးဖြစ်သကဲ့သို့ လိုအပ်သည့် တိရစ္ဆာန်အစာများကိုလည်း ပြည်တွင်း၌လုံလောက်စွာ ရရှိနိုင်ကြောင်း၊ ကြက်၊ ဘဲ၊ ဝက်၊ ဆိတ်၊ နွား၊ ငါး၊ ပုစွန် စသည့်မွေးမြူရေးနှင့် ပတ်သက်သည့် သုတေသနလုပ်ငန်းများကိုဆောင်ရွက်၍ ပြည်တွင်း၌ မွေးမြူရေးလုပ်ငန်များ တိုးတက်အောင်ဆောင်ရွက်သွားရန်လိုသကဲ့သို့ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်သူများကိုလည်း အားပေးဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့အနေဖြင့် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်၍ ပြည်တွင်းဖူလုံမှုရှိပြီး ပြည်ပပို့ကုန်များပိုမိုရရှိအောင် ဆောင်ရွက်သွားကြမည်ဆိုပါက နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ နယ်စပ်ဒေသများ၌ တရားမဝင် ကုန်သွယ်မှုများပြုလုပ်ခြင်း၊ ဒေသအလိုက် တရားမဝင် သယံဇာတများ ထုတ်ယူခြင်းများကြောင့် နိုင်ငံတော်အနေဖြင့် များစွာထိခိုက်စေလျက်ရှိကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် စနစ်တကျ ကြပ်မတ်ဆောင်ရွက်နေရန် လိုကြောင်းဖြင့် မှာကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ်၌ ရုရှားဘာသာဌာန Russian Language Office ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဇူလိုင် ၂**

ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ်၌ ရုရှားဘာသာဌာန Russian Language Office ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါတက္ကသိုလ်၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး H.E Mr. Iskander Azizov နှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ မြန်မာ - ရုရှား ချစ်ကြည်ရေးအသင်းမှ တာဝန်ရှိသူများ၊ ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ ရုရှားနိုင်ငံ Altai State Pedagogical University မှ ဆရာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး (အပေါ်ပုံ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး H.E Mr. Iskander Azizov နှင့် ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာ မေစန်းရီတို့က ဂုဏ်ပြုအမှာစကားပြောကြားကာ ရုရှားနိုင်ငံ Altai State Pedagogical University အဖွဲ့ Director Elena Bavykina က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ ရုရှားနိုင်ငံ Altai State Pedagogical University အဖွဲ့ အုပ်ချုပ်သူ Shvets Natalya က နှုတ်ခွန်းဆက်စကားပြောကြားပြီး ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ရုရှားဘာသာအထူးပြုကျောင်းသူများက ရုရှားသီချင်းဖြင့် သရုပ်ဖော်ကပြ ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ၂၆-၆-၂၀၂၅ ရက်နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် ၁၇-၂-၂၀၂၅ ရက်နေ့မှ ၆-၆-၂၀၂၅ ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ် တစ်ဦး၊ မဂ္ဂဇင်း နှစ်ဦး၊ အထွေထွေ ၃၆ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း တစ်ဦး ပေါင်း ၄၀ အား အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန်ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၆၉၉ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၅၄၇ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၁၁ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၆၅၇ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card ၊ Mobile Payment Account ၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# သာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် စွမ်းစွမ်းတမံထောက်ပံ့လှူဒါန်းခဲ့သော အမျိုးသမီးများအား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်ကြော်ငြာစာအမှတ် ၉၄ /၂၀၂၅**
**၁၃၈၇ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်**
**(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂ ရက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၃) ရက် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် သာသနာတော်သုံးရပ် တိုးတက်စည်ပင်ထွန်းကား ပြန့်ပွားစေရန်အလို့ငှာ သာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် စွမ်းစွမ်းတမံ ထောက်ပံ့လှူဒါန်းခဲ့သော အောက်ဖော်ပြပါအမျိုးသမီးများအား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်ကို ချီးမြှင့်အပ်နှင်းလိုက်သည် -

**သီဟသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်**

| | | | |
|---|---|---|---|
| ၁။ | ဒေါ်စုညွန့်ဦး | ဥတ္တရသီရိမြို့နယ် | နေပြည်တော် |
| ၂။ | ဒေါ်ခင်ဝင်းရီ | ဇမ္ဗူသီရိမြို့နယ် | နေပြည်တော် |
| ၃။ | ဒေါ်သီတာလွင် | ဇေယျာသီရိမြို့နယ် | နေပြည်တော် |
| ၄။ | ဒေါ်ခင်လေးမြင့် | သဃ်န်းကျွန်းမြို့နယ် | ရန်ကုန်တိုင်းဒေသကြီး |
| ၅။ | ဒေါ်ခင်ခင်မင်း | ပုဗ္ဗသီရိမြို့နယ် | နေပြည်တော် |
| ၆။ | ဒေါက်တာနန္ဒာမွန်း | ပုဗ္ဗသီရိမြို့နယ် | နေပြည်တော် |
| ၇။ | ဒေါ်ကြူကြူစိုး | ပုဗ္ဗသီရိမြို့နယ် | နေပြည်တော် |

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်ကြော်ငြာစာအမှတ် ၉၅ /၂၀၂၅**
**၁၃၈၇ ခုနှစ်၊ဝါဆိုလဆန်း ၈ ရက်**
**(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂ ရက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၃) ရက် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် ထူးချွန်ပြောင်မြောက်စွာ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် အမျိုးသမီးများအား အောက်ဖော်ပြပါစွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည် -

**စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့**
**ဝဏ္ဏကျော်ထင်ဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | စောမြရာဇာလင်း | ဥက္ကဋ္ဌ | ရခိုင်ပြည်နယ်လွတ်မြောက်ရေးပါတီ |
| ၂။ | နော်ကပေါ်ထူး | ဒုတိယဥက္ကဋ္ဌ | ကရင်အမျိုးသားအစည်းအရုံး၊ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) |
| ၃။ | ဒေါက်တာဒေါ်ပို | ပါမောက္ခ/ ဌာနမှူး(ငြိမ်း) | ပညာရေးဝန်ကြီးဌာန |

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာစွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်**
**ရဲဗလတံဆိပ်**

| | | | |
|---|---|---|---|
| ၁။ | ဒေါ်တင်တင်ရီ | မြို့နယ်ပညာရေးမှူး | ပညာရေးဝန်ကြီးဌာန |
| ၂။ | ဒေါ်နီလာဝင်း | အလယ်တန်းကျောင်းအုပ် | ပညာရေးဝန်ကြီးဌာန |
| ၃။ | ဒေါ်စုလတ်ဖြူ | အလယ်တန်းကျောင်းအုပ် | ပညာရေးဝန်ကြီးဌာန |
| ၄။ | ဒေါ်ငြိမ်းငြိမ်းအိ | ဒုတိယဦးစီးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၅။ | ဒေါ်ခင်မိုးသန်း | အလယ်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၆။ | ဒေါ်သန်းညွန့် | အလယ်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၇။ | ဒေါ်သန်းသန်းနွဲ့ | မူလတန်းကျောင်းအုပ် | ပညာရေးဝန်ကြီးဌာန |
| ၈။ | ဒေါ်နန်းလှဝင်း | မူလတန်းကျောင်းအုပ် | ပညာရေးဝန်ကြီးဌာန |
| ၉။ | ဒေါ်ရီရီထွေး | မူလတန်းကျောင်းအုပ် | ပညာရေးဝန်ကြီးဌာန |
| ၁၀။ | ဒေါ်ဇင်ဝေလွင် | မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၁၁။ | မ-၆၅၃၆ | တပ်ကြပ်ကြီး/ သားဖွားဟန်နီပြည့်ပြည့်ဝင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၂။ | ဒေါ်သက်ဟေမာမြတ် | အငယ်တန်းစာရေး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၃။ | ဒေါ်သင်းသင်းအေး | အငယ်တန်းစာရေး | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၁၄။ | လ၂၇၀၁၅၅ | ရဲဒုတိယတပ်ကြပ်လက်ချ်မီး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၅။ | အ-၁၂၆၉၀၅ | အကူသူနာပြုဒေါ်သီရိငွေး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၆။ | အ-၁၄၁၈၄၀ | တပ်သား/ရိပ်သာ(အစားခန့်)ဒေါ်သူဇာဝင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၇။ | ဒေါ်တင်ဇာမိုး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၈။ | ဒေါ်နှင်းနှင်းအောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၉။ | ဒေါ်ဝင့်ဝါစိုး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၀။ | ဒေါ်ငြိမ်းငြိမ်းအေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၁။ | ဒေါ်ဇင်မွန်ကျော် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၂။ | ဒေါ်စိမ်းဝင့်ဝါမင်းဦး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၃။ | ဒေါ်မြယွန်းမီ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၄။ | ဒေါ်မြတ်နိုးဝေ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၅။ | ဒေါ်ထူးမွန်ဆွေ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၆။ | ဒေါ်စန်းစန်းဝေ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၇။ | ဒေါ်မေသူဝင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၈။ | ဒေါ်နန်းကေသီအောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၉။ | ဒေါ်ညိုထွေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၀။ | ဒေါ်ကိုင်ထန် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၁။ | ဒေါ်သန္တာလင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၂။ | ဒေါ်အေးအေးသူ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၃။ | ဒေါ်မြင့်မြင့်ဌေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၄။ | ဒေါ်ခေါင်နန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၅။ | ဒေါ်သန္တာချို | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၆။ | ဒေါ်သင်းသီတာစိုး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၇။ | ဒေါ်ငွေးငွေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၈။ | ဒေါ်ထားထားနွယ် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၉။ | ဒေါ်ဝိုင်းစိန် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၀။ | ဒေါ်မနန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၁။ | ဒေါ်အိဖြိုးထွန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၂။ | ဒေါ်စွဲစလီညာ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၃။ | ဒေါ်မိုးမိုးဝင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၄။ | ဒေါ်မိုးမိုးအေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၅။ | ဒေါ်ခင်စန်းထွေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၆။ | ဒေါ်ချစ်စုလှိုင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၇။ | ဒေါ်မေဇင်ရှိုင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၈။ | ဒေါ်အိအိသိန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၉။ | ဒေါ်ချစ်စုဝေ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၀။ | ဒေါ်ဇာခြည်ဖြိုး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၁။ | ဒေါ်စိန်ကြည်ထွေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၂။ | ဒေါ်ပန်းအိဖြူ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၃။ | ဒေါ်တင်တင်ထွေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၄။ | ဒေါ်ထွန်းနန္ဒာလှိုင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၅။ | ဒေါ်ခင်စန်းဝင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၆။ | ဒေါ်ခိုင်သဇင်ဖြိုး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၇။ | ဒေါ်လှလှထွေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၈။ | ဒေါ်ချယ်ရီမြင့် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၉။ | ဒေါ်အိဇင်ဖြိုး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆၀။ | ဒေါ်သိင်္ဂီထွန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆၁။ | ဒေါ်ဘင်သရာ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆၂။ | ဒေါ်ညိုဝင်း | | တနင်္သာရီတိုင်းဒေသကြီး |
| ၆၃။ | ဒေါ်သီတာယုမွန် | | မန္တလေးတိုင်းဒေသကြီး |
| ၆၄။ | ဒေါ်နှင်းသီတာ | | ရန်ကုန်တိုင်းဒေသကြီး |
| ၆၅။ | ဒေါ်လီလီနိုင်စိုး(ခ) လီလီနိုင်ကျော် | | အနုပညာရှင် |

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာစွမ်းဆောင်မှုဂုဏ်ထူးဆောင်တံဆိပ်**
**ရဲကျော်စွာတံဆိပ်**

| | | | |
|---|---|---|---|
| ၁။ | ရဲအုပ် | နှင်းဝေငြိမ်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂။ | ရဲအုပ် | သင်းစုဝင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |

**စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်များ**
**စီမံထူးချွန်တံဆိပ် (ဒုတိယဆင့်)**

| | | | |
|---|---|---|---|
| ၁။ | ဒေါက်တာခိုင်ခိုင်စိုး | ညွှန်ကြားရေးမှူးချုပ် | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၂။ | ဒေါ်အေးအေးသိန်း | ညွှန်ကြားရေးမှူး | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန |

**စီမံထူးချွန်တံဆိပ် (တတိယဆင့်)**

| | | | |
|---|---|---|---|
| ၁။ | ပါမောက္ခဒေါက်တာနုနုမေ | ပါမောက္ခ(မေ့ဆေး) | ကျန်းမာရေးဝန်ကြီးဌာန |
| ၂။ | ဒေါ်စန္ဒာမြင့် | ညွှန်ကြားရေးမှူး | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၃။ | ဒေါ်မှုံရွှေရည် | ညွှန်ကြားရေးမှူး | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၄။ | ဒေါက်တာလှလှဌေး | ဒုတိယဆေးရုံအုပ်ကြီး | ကျန်းမာရေးဝန်ကြီးဌာန |
| ၅။ | ဒေါက်တာရွှေစင်လှိုင် | ညွှန်ကြားရေးမှူး(ခေတ်ခွဲ) | ကျန်းမာရေးဝန်ကြီးဌာန |
| ၆။ | ဒေါ်လင်းလင်းမာ | ဒုတိယညွှန်ကြားရေးမှူး | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၇။ | ဒေါက်တာအေးသူအောင် | ဆေးရုံအုပ်ကြီး | ကျန်းမာရေးဝန်ကြီးဌာန |
| ၈။ | ဒေါက်တာအိအိခင် | ခရိုင်ကုသရေးဦးစီးဌာနမှူး/ ဆေးရုံအုပ် | ကျန်းမာရေးဝန်ကြီးဌာန |
| ၉။ | ဒေါက်တာကြူကြူနိုင် | အထူးကုဆရာဝန်ကြီး (ခေတ်မှန်) | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၀။ | ဒေါ်နန်းအိသန္တာချော | မြို့နယ်တရားသူကြီး | ပြည်ထောင်စုတရားလွှတ်တော်ချုပ် |
| ၁၁။ | ဒေါ်ဇင်မင်းခိုင် | ဦးစီးအရာရှိ | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၁၂။ | ဒေါ်နွယ်နွယ်ဦး | မူလတန်းကျောင်းအုပ် | ပညာရေးဝန်ကြီးဌာန |
| ၁၃။ | ဒေါ်စောခင်ခင်ချို | မူလတန်းကျောင်းအုပ် | ပညာရေးဝန်ကြီးဌာန |
| ၁၄။ | ဒေါ်ဖွားမြိုင် | မူလတန်းကျောင်းအုပ် | ပညာရေးဝန်ကြီးဌာန |
| ၁၅။ | ဒေါ်ခင်စောယုမော် | | မန္တလေးတိုင်းဒေသကြီး |

**လူမှုထူးချွန်တံဆိပ် (ပထမဆင့်)**

| | | | |
|---|---|---|---|
| ၁။ | ဒေါ်ခင်ချယ်ရီသက် | အားကစားမှူး | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |
| ၂။ | ဒေါ်မာစီ | အထက်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၃။ | ဒေါ်ခင်မင်းဦး | အထက်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၄။ | ဒေါ်ဖြူဖြူသင်း | အထက်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၅။ | ဒေါ်မြင့်မြင့်စိန် | မူလတန်းကျောင်းအုပ် | ပညာရေးဝန်ကြီးဌာန |
| ၆။ | ဒေါ်ဇာဇာဝင်း | ဒုတိယအလယ်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၇။ | ဒေါ်အိအိဖြိုး | လက်ထောက်မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၈။ | ဒေါ်စိုးမြတ်သူဇာ | | အနုပညာရှင် |
| ၉။ | ဒေါ်မေသဥ္ဇာဦး(ခ) ဒေါ်သူဇာထွေး | | အနုပညာရှင် |

**လူမှုထူးချွန်တံဆိပ် (ဒုတိယဆင့်)**

| | | | |
|---|---|---|---|
| ၁။ | ဒေါက်တာတင်ချိုချိုကို | ဆေးရုံအုပ် | ကျန်းမာရေးဝန်ကြီးဌာန |
| ၂။ | ဒေါ်ထက်ထက်အေး | လက်ထောက်ညွှန်ကြားရေးမှူး | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| ၃။ | ဒေါ်နှင်းဝေဝေလွင် | အထက်တန်းပြ(ကာ/ယ) | ပညာရေးဝန်ကြီးဌာန |
| ၄။ | လ၂၇၄၄၅၇ | ရဲတပ်ကြပ်ကြီး မေဟန်နီအောင်လွင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |

**လူမှုထူးချွန်တံဆိပ် (တတိယဆင့်)**

| | | | |
|---|---|---|---|
| ၁။ | ဒေါ်သိင်္ဂီရဲထွန်း | ဒုတိယညွှန်ကြားရေးမှူးချုပ် | အလုပ်သမားဝန်ကြီးဌာန |
| ၂။ | ပါမောက္ခဒေါက်တာသန္တာဝင်းနွယ် | ပါမောက္ခ/ ဌာနမှူး (အရေးပေါ်ကုသမှုဆေးပညာဌာန) | ကျန်းမာရေးဝန်ကြီးဌာန |
| ၃။ | ပါမောက္ခဒေါက်တာသင်းသင်းဝင်း | ပါမောက္ခ (အရေးပေါ်ဆေးပညာ) | ကျန်းမာရေးဝန်ကြီးဌာန |
| ၄။ | ပါမောက္ခဒေါက်တာမိုးနွယ် | ပါမောက္ခ (သားဖွားမီးယပ်) | ကျန်းမာရေးဝန်ကြီးဌာန |
| ၅။ | ပါမောက္ခဒေါက်တာချိုချိုဝင်း | ပါမောက္ခ(ကလေး) | ကျန်းမာရေးဝန်ကြီးဌာန |
| ၆။ | ဒေါ်အေးအေးမော် | ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ) | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၇။ | ဒေါ်နှင်းသန္တာအောင် | ညွှန်ကြားရေးမှူး(မြို့ပြ) | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၈။ | ဒေါ်နော်ချောစု | ဒုတိယညွှန်ကြားရေးမှူး | သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန |
| ၉။ | ဒေါ်စောရွှေ | ဒုတိယညွှန်ကြားရေးမှူး | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၀။ | ဒေါ်သိန်းသိန်းဦး | တိုင်းဦးစီးဌာနမှူး | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၁။ | ဒေါ်နီနီခိုင် | ဒုတိယညွှန်ကြားရေးမှူး | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၂။ | ဒေါ်နန့်အေးအေးနွယ် | ဒုတိယညွှန်ကြားရေးမှူး | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၃။ | ဒေါက်တာခင်ထက်ထက်ထွန်း | အထူးကုဆရာဝန် (မေ့ဆေး) | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၄။ | ဒေါ်သိင်္ဂီအောင် | ဒုတိယဦးစီးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၅။ | ဒေါ်ခင်မျိုးသန့် | ဒုတိယဦးစီးမှူး | အလုပ်သမားဝန်ကြီးဌာန |
| ၁၆။ | ဒေါ်သဇင်ထွန်း | ဒုတိယဦးစီးမှူး | အလုပ်သမားဝန်ကြီးဌာန |
| ၁၇။ | ဒေါ်သိန်းသန်းရီ | မူလတန်းကျောင်းအုပ် | ပညာရေးဝန်ကြီးဌာန |
| ၁၈။ | ဒေါ်ခင်မာအေး | မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၁၉။ | ဒေါ်မိုးမိုးစံ | မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၂၀။ | ဒေါ်မာမာအေး | မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၂၁။ | ဒေါ်သူဇာနွယ် | မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၂၂။ | ဒေါ်တိုးတိုးသန်း | ကျန်းမာရေးမှူး(၂) | ကျန်းမာရေးဝန်ကြီးဌာန |
| ၂၃။ | ဒေါ်ခိုင်နွဲ့ဇော် | အကြီးတန်းစာရေး | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |
| ၂၄။ | ဒေါ်ဇင်မို့မို့ကျော် | အထက်တန်းသူနာပြု | ကျန်းမာရေးဝန်ကြီးဌာန |
| ၂၅။ | ဒေါ်ယွန်းသီရိထွန်း | အကြီးတန်းစာရေး | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန |
| ၂၆။ | ဒေါ်ဌေးဌေးမြင့် | အငယ်တန်းစာရေး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၂၇။ | ဒေါ်ဆွေဆွေမိုး | အငယ်တန်းစာရေး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၂၈။ | ဒေါ်မြမြမိုး | အငယ်တန်းစာရေး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၂၉။ | ဒေါ်စန္ဒာစိန် | အငယ်တန်းစာရေး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၃၀။ | ဒေါ်ရွှေစင်ဝင်း | အငယ်တန်းစာရေး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၃၁။ | ဒေါ်ကျော့ကျော့ဆွေ | စက်မှုကျွမ်းကျင်(၄) | ပြန်ကြားရေးဝန်ကြီးဌာန |
| ၃၂။ | ဒေါ်ဌေးနုဝါ | သားဖွားဆရာမ | ကျန်းမာရေးဝန်ကြီးဌာန |
| ၃၃။ | ဒေါ်မူမူဝင်း | သားဖွားဆရာမ | ကျန်းမာရေးဝန်ကြီးဌာန |
| ၃၄။ | ဒေါ်နွယ်နွယ်စိုး | သားဖွားဆရာမ | ကျန်းမာရေးဝန်ကြီးဌာန |
| ၃၅။ | ဒေါ်အေးအေးမော် | သားဖွားဆရာမ | ကျန်းမာရေးဝန်ကြီးဌာန |
| ၃၆။ | ဒေါ်ဖြိုးဖြိုးမြတ် | သန့်ရှင်းရေးအကူ | ပညာရေးဝန်ကြီးဌာန |
| ၃၇။ | ဒေါ်သင်းသင်းကျော် | ဥက္ကဋ္ဌ | မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း |
| ၃၈။ | ဒေါ်ဖြူဖြူမြင့် | သွေးအလှူရှင် | နေပြည်တော် |
| ၃၉။ | ဒေါ်ဝင်းဌေး | ရပ်ကွက်အုပ်ချုပ်ရေးမှူး | တနင်္သာရီတိုင်းဒေသကြီး |
| ၄၀။ | ဒေါ်သိမ့်သိမ့်လွင် | ရပ်ကွက်အုပ်ချုပ်ရေးမှူး | ပဲခူးတိုင်းဒေသကြီး |
| ၄၁။ | ဒေါ်သန်းရှိန် | ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး | မကွေးတိုင်းဒေသကြီး |
| ၄၂။ | ဒေါ်စုစုဟန် | ရာအိမ်မှူး | မကွေးတိုင်းဒေသကြီး |
| ၄၃။ | ဒေါ်ဖြိုးသန္တာအောင် | ရပ်ကွက်အုပ်ချုပ်ရေးမှူး | မန္တလေးတိုင်းဒေသကြီး |
| ၄၄။ | ဒေါ်ညွှန့်ညွှန့်ဆွေ | ရာအိမ်မှူး | မန္တလေးတိုင်းဒေသကြီး |

**စီးပွားထူးချွန်တံဆိပ်များ**
**လယ်ယာစီးပွားထူးချွန်တံဆိပ် (တတိယဆင့်)**

| | | | |
|---|---|---|---|
| ၁။ | ဒေါ်အယ်ဗလင်း | ဦးစီးအရာရှိ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |

**ဝန်ဆောင်စီးပွားထူးချွန်တံဆိပ် (တတိယဆင့်)**

| | | | |
|---|---|---|---|
| ၁။ | ဒေါ်ဖူးငုံဝေ | လျှပ်စစ်ကျွမ်းကျင်(၄) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၂။ | ဒေါက်တာမြတ်သီတာမြင့် | ဥက္ကဋ္ဌ | မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း |
| ၃။ | ဒေါက်တာတိုးနန္ဒာတင် | အကြီးတန်းဒုတိယဥက္ကဋ္ဌ | မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် |
| ၄။ | ဒေါ်ကြွေကြွေဇင် | အကြံပေး | မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း |

**ပညာရပ်ဆိုင်ရာထူးချွန်တံဆိပ်များ**
**အနုပညာထူးချွန်တံဆိပ် (ပထမဆင့်)**

| | | | |
|---|---|---|---|
| ၁။ | ဒေါ်ဆွေဇင်ထိုက် | | အနုပညာရှင် |

**စာပေပညာထူးချွန်တံဆိပ် (ပထမဆင့်)**

| | | | |
|---|---|---|---|
| ၁။ | ဒေါ်မြမြသန်း (ခ) မနှင်းဖွေး | | စာပေပညာရှင် |

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ



## နိုင်ငံခြားရေးဝန်ကြီးဌာန ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂**

နိုင်ငံခြားရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဇေယျဌာနီလမ်းတစ်ဖက်ရှိ လျှိုပိတ်ဆည်ဘေး မြေကွက်လပ်၌ ကျင်းပပြုလုပ်ရာ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

**၂၄၂ ပင် စိုက်ပျိုး**

သစ်ပင်စိုက်ပျိုးပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့် ဦးကိုကိုကျော်၊ သံအမတ်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသူများက သရက်ပင်၊ ခရေပင်နှင့် မဟော်ဂနီပင် စုစုပေါင်း ၂၄၂ ပင်ကို သတ်မှတ်နေရာများတွင် စိုက်ပျိုးခဲ့ကြသည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များက အရာထမ်း၊ အမှုထမ်းများ၏ သစ်ပင်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ၂၀၂၅ ခုနှစ် ဇူလိုင်လတွင် သစ်လွင်ဆရာဝန်၊ သွားနှင့်ခံတွင်းဆရာဝန် စုစုပေါင်း ၁၂၀၀ ကျော် ခန့်အပ်သွားမည်

နေပြည်တော် ဇူလိုင် ၂

**မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီ၊ မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) နေပြည်တော်၌ ကျင်းပသည်။**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်းက ၂၀၂၅ ခုနှစ် ဇူလိုင်လတွင် သစ်လွင်ဆရာဝန်များ၊ သွားနှင့်ခံတွင်းဆရာဝန် စုစုပေါင်း ၁၂၀၀ ကျော်ကို ခန့်အပ်သွားမည်ဖြစ်ပါကြောင်း၊ အဆိုပါဆရာဝန်များ၏ ဆေးကုသခွင့်လိုင်စင်များနှင့်ပတ်သက်၍ စနစ်တကျ ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ဆေးကုသခွင့်လိုင်စင်များ အသစ်ထုတ်ပေးခြင်း၊ လိုင်စင်သက်တမ်းတိုးခြင်း၊ ယာယီပိတ်သိမ်းထားရာမှ ပြန်လည်ခွင့်ပြုခြင်းများကိုလည်း စနစ်တကျ စိစစ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ထိုသို့ခွင့်ပြုရာတွင်လည်း ၎င်းတို့၏ အရည်အချင်းများ ပြည့်မီအောင် သက်ဆိုင်ရာကောင်စီများက စနစ်တကျစစ်ဆေးကာ ခွင့်ပြုပေးသွားရန်ဖြစ်ပါကြောင်း၊ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးနေကြသူများဖြစ်၍ မိမိတို့ စောင့်ထိန်းလိုက်နာရမည့် ကျင့်ဝတ်များကို အမြဲလိုက်နာစောင့်ထိန်းကြရန်နှင့် လူနာများနှင့် ပြောဆိုဆက်ဆံရာတွင် ယဉ်ကျေးချိုသာစွာ ပြောဆိုဆက်ဆံရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီ၊ မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီများမှလည်း နိုင်ငံတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ချမှတ်ထားသော မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ ဆေးကုသခွင့်လိုင်စင်၊ အထူးဆေးကုသခွင့်လိုင်စင်၊ သူနာပြု/သားဖွားလိုင်စင်များ ထုတ်ပေးရာတွင် စနစ်တကျ စိစစ်ဆောင်ရွက်သွားရန်နှင့် အချိန်နှောင့်နှေးကြန့်ကြာမှုမဖြစ်စေရေး အလေးထားဆောင်ရွက်သွားရန် ပြောကြားသည်။



ထို့နောက် ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာ ကောင်စီဥက္ကဋ္ဌများက ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များကို ဆွေးနွေးတင်ပြသည်။

အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ မြန်မာနိုင်ငံဆေးကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသွားနှင့် ခံတွင်းဆိုင်ရာ ဆေးကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ပြည်ထောင်စုစာရင်းစစ်ချုပ် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဝန်ထမ်းများစုပေါင်းသွေးလှူဒါန်းမှု ကြည့်ရှုအားပေး

**နေပြည်တော် ဇူလိုင် ၂**

ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဝန်ထမ်းများ၏ စုပေါင်းသွေးလှူဒါန်းပွဲကို ယမန်နေ့ နံနက်ပိုင်းက နေပြည်တော် အထွေထွေရောဂါကုဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ကျင်းပရာ ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး တက်ရောက်ကြည့်ရှုအားပေးသည်။

စုပေါင်း သွေးလှူဒါန်းပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ဝန်ထမ်း ၃၆ ဦးတို့က သွေးလှူဒါန်းကြရာ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြပြီး ကြက်ဥ၊ အားဖြည့်အချိုရည်၊ မုန့်၊ ရေသန့်နှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ထို့နောက် နေပြည်တော် အထွေထွေရောဂါကု ဆေးရုံကြီး (ခုတင်-၁၀၀၀) ဆေးရုံအုပ်ကြီး ဒေါက်တာသောင်းလှိုင်က ဆေးရုံတက်ရောက်ကုသလျက်ရှိသော လူနာများအတွက် သွေးလာရောက်လှူဒါန်းကြသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ဝန်ထမ်း ၃၆ ဦးကို ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်





## ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၂**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက လမ်းဘေးဝဲ/ယာ အရိပ်ရအပင်များ စိမ်းလန်းစိုပြည်စေရေး ရည်ရွယ်၍ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၈ နာရီက အင်းဂလား-ကညင်စမ်း-ကံသုံးဆင့်လမ်း၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းစိုးနိုင်က မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဦးစိုးမင်းနိုင်နှင့် ကျေးရွာပြည်သူများအား ပျိုးပင်များ ပေးအပ်သည်။

ထို့နောက် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ) ဦးစိုးမင်းနိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းစိုးနိုင်နှင့် သစ်တောဝန်ထမ်းများ၊ ကံသုံးဆင့်(မူလွန်) ကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများက အင်းဂလား-ကညင်စမ်း-ကံသုံးဆင့်လမ်း လမ်းဘေးဝဲ/ယာ၌ မန်ကျည်းရှား၊ စိန်ပန်း၊ ပိတောက်၊ မဟော်ဂနီ၊ ပျဉ်းမ၊ ပျဉ်းကတိုး စုစုပေါင်း သစ်ပင် ၅၅၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

ဝတ်ရည်(ပြန်/ဆက်)

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာစီမံကိန်း လုပ်ငန်းသုံးပစ္စည်းများပေးအပ်

**နေပြည်တော် ဇူလိုင် ၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အထူးရန်ပုံငွေ (၂၀၂၄)ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် စီမံကိန်းအထောက်အပံ့ လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အထူးရန်ပုံငွေ (၂၀၂၄) ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် သင်တန်း(၅)ကြိမ်မှ သင်တန်းသား ၂၅ ဦးကို ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရာတွင် အသုံးပြုသည့် စားသောက်ကုန် လုပ်ငန်းသုံးပစ္စည်းများဖြစ်သော မုန့်ဖုတ် Electric Oven၊ Gas Oven၊ သီးနှံအခြောက်ခံစက်၊ ရေခဲမုန့်စက်၊ ရေခဲစက်၊ အာလူးလှီးစက်၊ လေစုပ်အိတ်ပိတ်စက်၊ Freezer ၊ မျှစ်လုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် မျှစ်ပြုတ်အိုးကြီး၊ မိုးကာ၊ ပလတ်စတစ်အိတ်အမျိုးမျိုး၊ လုပ်ငန်းသုံးပစ္စည်း အမေရိကန်ဒေါ်လာ ၂၂၅၀၀ နှင့်ညီမျှသော မြန်မာကျပ်ငွေ ၄၇၁၁၅၀၀၀ တန်ဖိုးရှိ စက်ပစ္စည်းများ ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ ထောက်ပံ့ပေးသည့် လုပ်ငန်းသုံးပစ္စည်းများကို အကျိုးရှိထိရောက်စွာ အသုံးပြုကြရန်နှင့် တာဝန်ရှိသူများကလည်း ကြီးကြပ်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက ကိုယ်ပိုင်လုပ်ငန်းထူထောင်မည့် သင်တန်းသား ၂၅ ဦးအား လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ကြသည်။




ထို့နောက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အထူးရန်ပုံငွေ(၂၀၂၄)ဖြင့် ဖွင့်လှစ်ခဲ့သော သင်တန်းများ၏ Video Clip အား ကြည့်ရှုအားပေးကြပြီး ခင်းကျင်းပြသထားသည့် ထောက်ပံ့လုပ်ငန်းသုံးပစ္စည်းများ နှင့် အသေးစားထုတ်ကုန်များကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# စက်မှုဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားကျင်းပ



**နေပြည်တော် ဇူလိုင် ၂**

စက်မှုဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၇)၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများနှင့် ဝန်ထမ်းများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ရတနာတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများနှင့် ဦးစီးဌာန/စက်မှုလုပ်ငန်းများမှ အရာထမ်း၊ အမှုထမ်းများက သတ်မှတ်နေရာအသီးသီးတွင် စုပေါင်းစိုက်ပျိုးသည်။ ထို့ပြင် စက်မှုဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ စက်ရုံ/အလုပ်ရုံများ၊ ဦးစီးဌာနရုံးများနှင့် သင်တန်းကျောင်းများ၌လည်း မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲများကို နေရာဒေသများအလိုက် တစ်ပြိုင်တည်း စုပေါင်းစိုက်ပျိုးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများ သစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် အရိပ်ရလေကာပင်များ၊ သစ်ပင်ပန်းမံများ ထပ်မံစိုက်ပျိုးသွားကြရန် မှာကြားသည်။

စက်မှုဝန်ကြီးဌာန အနေဖြင့် ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်တွင် ရတနာတန်းဝင် ကျွန်း၊ ပိတောက်၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ယူကလစ်၊ ပျဉ်းမ၊ မန်ဂျန်ရှား၊ မန်ကျည်း၊ တမာ၊ ကုက္ကို၊ အုန်းပွား၊ ဖျောက်ဆိပ်၊ မဲဇလီ၊ ဗာဒံ၊ တည်၊ သရက်၊ ငှက်ပျော၊ ဒန့်သလွန်၊ ပိန္နဲ၊ စိန်ပန်း၊ ခရေ၊ သပြေ၊ ငုဝါ၊ ကံ့ကော်၊ သပြေဘူတ၊ ပေါက်ပန်းဖြူ၊ ချယ်ရီ စသည့် အပင်စုစုပေါင်း ၄၈၉၃ ပင်တို့ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ပြည်ထောင်စုနယ်မြေ နေပြည်တော် အားကစားဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားကစားကွင်း/အားကစားရုံများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၂**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် ဦးဇင်မင်းထက်တို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ အားကစားဖွံ့ဖြိုးတိုးတက်စေရေးအတွက် အခြေခံကျသည့် အားကစားကွင်း/ အားကစားရုံများကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ရန် လျာထားသည့် မြေနေရာများအား လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ပျဉ်းမနားမြို့နယ် ဘောဂဝတီအားကစားကွင်းရှိ ဘောလုံးကွင်းပတ်လည် ခြံစည်းရိုးအုတ်တံတိုင်း ကာရံထားရှိမှုအခြေအနေများ၊ ဂိုးတိုင်နှင့် ဂိုးပိုက်များ တပ်ဆင်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ ဘောလုံးကွင်းမြက်ခင်း ရေဖျန်းပိုက် (Sprinkler) တပ်ဆင်ထားမှုနှင့် ရေနုတ်မြောင်း ဖောက်လုပ်ထားမှု အခြေအနေများနှင့် ရေသုံးစွဲမှုအဆင်ပြေစေရေးအတွက် ရေစင်တည်ဆောက်ထားရှိမှု အခြေအနေများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး



ပြည်ထောင်စုနယ်မြေ နေပြည်တော် အားကစားဖွံ့ဖြိုးတိုးတက်စေရေးအတွက် ခရိုင်၊ မြို့နယ်များတွင် အားကစားကွင်း/အားကစားရုံများ ပြည့်ပြည့်စုံစုံဖြစ်အောင် တည်ဆောက်ပေးနိုင်ရေးအတွက် လာမည့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် Synthetic ပြေးလမ်းပါ ဘောလုံးကွင်းနှင့် ပွဲကြည့်စင်များ ထည့်သွင်းလျာထားနိုင်ရန် တင်ပြနိုင်ရေး စီမံဆောင်ရွက်သွားရန်၊ ပြည်သူများ လာရောက်လေ့ကျင့်ကစားနိုင်စေရေးနှင့် ဘောလုံးအားကစားကွင်း စိမ်းလန်းစိုပြည်စေရေး၊ ရေရှည်တည်တံ့စေရေး၊ အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးနှင့် ရေရရှိစေရေးတို့အတွက် စနစ်တကျ ထိန်းသိမ်းဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ပြည်သူ့အားကစားကွင်းသို့သွားရောက်ပြီး ဘောလုံးအားကစားကွင်းတွင် ဂိုးတိုင်၊ ဂိုးပိုက်များနှင့် ကွင်းထောင့်ဧရိယာများတွင် Coner တိုင်များ စနစ်တကျ တပ်ဆင်ထားရန်၊ လာမည့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ခြံစည်းရိုးအုတ်တံတိုင်းကာရံခြင်းနှင့် ပွဲကြည့်စင် တည်ဆောက်ခြင်းလုပ်ငန်းအား ဦးစားပေးလျာထားရေးဆွဲတင်ပြသွားရန်လိုကြောင်း၊ ဘောလုံးကွင်း စိမ်းလန်းစိုပြည်စေရေးနှင့် သန့်ရှင်းသပ်ရပ်မှုရှိစေရေးတို့အတွက် တာဝန်ပေးဆောင်ရွက်သွားရန် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကမ္ဘာ့ငြိမ်းချမ်းရေး … မျှော်လင့်ရင်း ဝေးသည်ထက်ဝေး

ရွှေသင် (MPP)

**အစဉ်အလိုက်လော တစ်ခုမဟုတ်တစ်ခုလော**

နှစ်ပေါင်းထောင်ချီဖြတ်သန်းခဲ့သော ကမ္ဘာကြီး၏ သမိုင်းကြောင်းကို ပြန်လည်လေ့လာကြည့်လျှင် ရုပ်ပိုင်းဝတ္ထုဆိုင်ရာ ဖွံ့ဖြိုးမှုများတိုးတက်မှုသည် ဖြည်းဖြည်းခြင်းဖြင့် လည်းကောင်း၊ လျင်မြန်သော အရှိန်အဟုန်ဖြင့် လည်းကောင်း အံ့မခန်း ဖြစ်ပေါ်နေခဲ့သည်ကို မျက်မြင်ထင်ရှားတွေ့ရှိကြရသည်။ တစ်ချိန်တည်းမှာပင် စိတ်ပိုင်းဆိုင်ရာကို အခြေခံ ဖြစ်ပေါ်လာသော အနိဋ္ဌာရုံများ တစ်မျိုးပြီးတစ်မျိုး မရိုးရအောင်ပင် ဖြစ်ပျက်နေကြသည်ကိုလည်း တွေ့ကြရလိမ့်မည်။ မနာလိုဝန်တိုမှုနှင့် လွန်ကဲသော လောဘ၊ ဒေါသကို သရုပ်ဖော်နေသော အပြုအမူများ၊ စစ်ပွဲများ၊ ပဋိပက္ခများ၊ အဖြစ်အပျက်ဆိုးများသည် တစ်ခုပြီးတစ်ခု အစဉ်အလိုက်ဖြစ်နေသကဲ့သို့လည်းကောင်း၊ တစ်ခုမဟုတ်တစ်ခု ဖြစ်နေသကဲ့သို့လည်းကောင်း တွေ့နေရသည်။

**အတိတ်သမိုင်းနှင့် ပစ္စုပ္ပန်အခြေအနေ၊ ငြိမ်းချမ်းရေးနှင့် သဟဇာတဖြစ်မှု**

မိတ်ဆွေတစ်ယောက်၏ ပြောစကားကို အမှတ်ရသည်။ အိန္ဒိယဂန္ထဝင်စာပေတွင် ရာမယဏ (Ramayana) နှင့် မဟာဘာရတ္တ (Mahabharata) ဇာတ်လမ်းများရှိပြီး မော်ကွန်းတင် ကဗျာရှည်ကြီးများအဖြစ် ဖွဲ့ဆိုထားကြသည်။ မော်ကွန်းတင် ကဗျာရှည်ကြီးများအဖြစ် ဖွဲ့ဆိုရလောက်သည့် အဆိုပါဇာတ်လမ်းများထဲ၌ ဇာတ်ကောင်များ၏ ကြမ်းတမ်းသော၊ ကျင့်ဝတ်သိက္ခာမဲ့သော၊ ခိုက်ရန်ဖြစ်ပွားသောစရိုက်လက္ခဏာများ၊ ငြိမ်းချမ်းလိုသည့်ဆန္ဒရှိသော၊ စိတ်ကောင်းစေတနာရှိသော စရိုက်လက္ခဏာများ၊ မြင့်မြတ်သောအပြုအမူများကို လုပ်ဆောင်သည့် အမျိုးသားများ၊ အမျိုးသမီးများနှင့် သူတော်ကောင်း၊ သူတော်စင်များ၏ အပြုအမူများ စသဖြင့် အကောင်းအဆိုးအခြေအနေများကို ဖော်ညွှန်းရေးသားထားသည်။

ဇာတ်လမ်းဇာတ်ကွက်များသည် အတိတ်သမိုင်း ယဉ်ကျေးမှုကို သရုပ်ဖော်ထင်ဟပ်နေသကဲ့သို့ အမှန်တရားနှင့် ငြိမ်းချမ်းရေးတို့ကြား သဟဇာတဖြစ်မှု၊ လူသားတို့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးအတွက် မှတ်သားလိုက်နာသင့်သည့် လမ်းညွှန်မှုတို့ကို သင်ခန်းစာယူ၊ မှတ်သားဖွယ်ရာ ဖော်ပြထားသည်။ လူသားဝါဒတို့နှင့် ဆက်စပ်သော မြင့်မြတ်သည့် အတွေးအခေါ်များ၊ ဘာသာအယူဝါဒအပေါ် သက်ဝင်ယုံကြည်မှုအပါအဝင် ကောင်းမွန်သော အကျင့်စရိုက်များ၊ အပြုအမူများကိုလည်း သရုပ်ဖော်ထား၏။ ကမ္ဘာကြီးနှင့် လူသားတို့ အပြန်အလှန်မှီခိုရှင်သန်နေနိုင်ရေး၊ လူသားများအချင်းချင်းကြား သဟဇာတဖြစ်စွာနေထိုင်နိုင်ရေးနှင့် မကောင်းမှုများသည် ကမ္ဘာကြီးနှင့်လူသားတို့ကို ပျက်စီးစေသည်ဟူသော သတိချပ်စရာ၊ မှတ်သားလိုက်နာစရာများလည်းပါဝင်သည်။

နှောင်းခေတ်လူသားတို့မှတ်သား၊ လိုက်နာ၊ ကျင့်ကြံနိုင်ခြင်း ရှိပါသလော။ ပစ္စုပ္ပန်အခြေအနေများဖြင့် သက်သေထူနိုင်ပါသည်။ ယနေ့ကမ္ဘာတွင် မကောင်းမှုများသည် အတိတ်ကာလများထက်ပင် ပို၍ဖြစ်ပေါ်လာနေတော့၏။

ထိုဇာတ်လမ်းများထဲတွင် ဖော်ပြထားသော ဇာတ်ကောင်များ၏ စရိုက်လက္ခဏာများနှင့် ယနေ့ခေတ်အခြေအနေတို့ကို နှိုင်းယှဉ်ကြည့်မိသည်။ လက်ရှိအချိန်ကာလတွင် နေထိုင်ကြသော လူအများစု၏ ရုပ်ပိုင်းစိတ်ပိုင်းဆိုင်ရာများ၊ အပြုအမူများနှင့် လွန်ခဲ့သော ဆယ်စုနှစ်များစွာက နေထိုင်ခဲ့သော လူတို့စရိုက်လက္ခဏာ၊ အပြုအမူများသည် များစွာကွာခြားမှုမရှိသည်ကို ရှင်းရှင်းလင်းလင်း သိမြင်နေရ၏။ ထိုအချိန်ထိုအခါက အခြေအနေများကို ထင်ဟပ်စေသော အကောင်းအဆိုး၊ ဇာတ်လမ်းဇာတ်ကွက်များသည် ယနေ့ခေတ်တွင် ဖြစ်ပျက်နေသော အခြေအနေများနှင့် များစွာကွာခြားမှုမရှိပေ။ သိသာထင်ရှားသောအချက်မှာ သိပ္ပံနှင့်နည်းပညာများ သိသိသာသာ ဖွံ့ဖြိုးတိုးတက်လျက်၊ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ဖြစ်ထွန်းမှုများ အားကောင်းလာခဲ့သော်လည်း လူသားတို့၏ စိတ်သဘောထားသည် နှစ်ပေါင်းများစွာအတွင်း ပိုမိုကောင်းမွန်သည့် အပြောင်းအလဲများစွာ ဖြစ်မလာခဲ့ကြောင်း ထင်ထင်ရှားရှား တွေ့နေရခြင်းဖြစ်သည်။

ကမ္ဘာတစ်ဝန်းရှိ လူသားများ၏ အခြေခံအမူအကျင့်များသည် ယခင်အချိန်များက လူသားများကဲ့သို့ပင်ရှိနေသည်။ ယဉ်ကျေးမှုရှုထောင့်မှဆိုရလျှင် ကျောက်ခေတ်ကာလများမှသည် ယနေ့အချိန်ကာလအထိ လူသားတို့၏ နေထိုင်မှုများမှာ တဖြည်းဖြည်းချင်းတိုးတက်လာခဲ့သော်လည်း လူသားတို့၏ စိတ်ထားနှလုံးသားတို့သည် ကောင်းစွာ မတိုးတက်သေး၊ စိတ်ပျက်ဖွယ်ကောင်းနေတော့သည်ဟု သုတေသီအချို့က ထောက်ပြသည်။ အဘယ်ကြောင့်ဆိုသော် သတ္တဝါများထဲတွင် အသိဉာဏ်အရှိဆုံးဖြစ်သည့် လူသားများသာ ကြီးစိုးသော ယနေ့ကမ္ဘာကြီးသည် ငြိမ်းချမ်းရေးနှင့် သဟဇာတဖြစ်မှုကို ယခုအချိန်အထိ ပြည့်ပြည့်ဝဝမရရှိသေးသောကြောင့်ဖြစ်သည်။

> **“ယဉ်ကျေးမှုရှုထောင့်မှဆိုရလျှင် ကျောက်ခေတ်ကာလများမှသည် ယနေ့အချိန်ကာလအထိ လူသားတို့၏ နေထိုင်မှုများမှာ တဖြည်းဖြည်းချင်းတိုးတက်လာခဲ့သော်လည်း လူသားတို့၏ စိတ်ထားနှလုံးသားတို့သည် ကောင်းစွာမတိုးတက်သေး၊ စိတ်ပျက်ဖွယ်ကောင်းနေတော့သည်ဟု သုတေသီအချို့က ထောက်ပြသည်။ အဘယ်ကြောင့်ဆိုသော် သတ္တဝါများထဲတွင် အသိဉာဏ်အရှိဆုံးဖြစ်သည့် လူသားများသာ ကြီးစိုးသော ယနေ့ကမ္ဘာကြီးသည် ငြိမ်းချမ်းရေးနှင့် သဟဇာတဖြစ်မှုကို ယခုအချိန်အထိ ပြည့်ပြည့်ဝဝမရရှိသေးသောကြောင့်ဖြစ်”**

**အဆိုးသင်ခန်းစာများထပ်ရနေသော ကမ္ဘာ**

ကမ္ဘာကြီးတွင် အတိတ်ကာလများက စစ်ပွဲများစွာ ဖြစ်ပွားခဲ့၏။ ပထမကမ္ဘာစစ်နှင့် ဒုတိယကမ္ဘာစစ်တို့သည် အကြီးမားဆုံး၊ အပျက်စီးဆုံးနှင့် လူသန်းပေါင်းများစွာ အသက်ဆုံးရှုံးစေခဲ့သည့် အနိဋ္ဌာရုံကြီးများဖြစ်သည်။ လေးနှစ်ကျော်ကြာမြင့်ခဲ့သည့် ပထမကမ္ဘာစစ်အပြီးတွင် ငြိမ်းချမ်းရေးရရှိရန် အရေးကြီးကြောင်း အသိရလာခဲ့ကြပြီး ငြိမ်းချမ်းမှုကို နှလုံးသွင်းလျက် နိုင်ငံပေါင်းချုပ်အသင်းကြီးကို ဖွဲ့စည်းခဲ့ကြသည်။ တဒင်္ဂသာခံ၏။ ဒုတိယကမ္ဘာစစ်ကြီး ထပ်မံဖြစ်ပွားခဲ့ရာ အချိန်ကာလ ခြောက်နှစ်ကြာမြင့်ခဲ့၏။ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးပြီးခဲ့သောအခါ ငြိမ်းချမ်းရေးလှုပ်ရှားမှုများ တစ်ကျော့ပြန် စတင်ခဲ့ပြီး စစ်ပွဲမရှိသော ကမ္ဘာကြီးကို မျှော်လင့်ခဲ့ကြပြန်သည်။ ပို၍သေချာမှုရှိစေရန် ရည်ရွယ်လျက် ကုလသမဂ္ဂအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။

ယခု ဒုတိယကမ္ဘာစစ်ကြီးပြီးခဲ့သည်မှာ ခုနစ်ဆယ့်ငါးနှစ်ပင်ကျော်ခဲ့ပြီ။ ကုလသမဂ္ဂအဖွဲ့ကြီးသည် ခံ့ခံ့ထည်ထည်ရှိနေဆဲ။ ကောင်းမွန်စွာလည်ပတ်လုပ်ဆောင်နေဆဲမှာပင် ငြိမ်းချမ်းရေးဆိုသည်ကို နိဒါန်းပင်မပျိုးနိုင်သေးပေ။ စစ်ပွဲကြီးငယ်များသည်လည်း ဆက်လက်ဖြစ်ပွားနေဆဲ။ ယူကရိန်းစစ်ပွဲ အဆုံးမသတ်နိုင်သေး။ ၂၀၂၃ ခုနှစ်တွင် ဂါဇာကမ်းမြောင်ဒေသ၌ အရပ်သားပြည်သူများစွာ သေကျေခဲ့ရသည့် အစ္စရေးနှင့် ဟားမာ့စ်တို့၏ စစ်ပွဲများဖြစ်ပွားခဲ့သည်။ နိုင်ငံအတော်များများတွင် ဒေသတွင်းစစ်ပွဲများ၊ နယ်စပ်ပဋိပက္ခများ တစ်နေ့တခြား တိုးလာနေ၏။ ယခု ၂၀၂၅ ခုနှစ် ဇွန်လ ၁၃ ရက်နေ့တွင် အီရန်-အစ္စရေး နှစ်နိုင်ငံ စစ်ပွဲမီးစတင်ခဲ့ပြန်သည်။

စစ်ပွဲဖန်တီးဖြစ်ပေါ်မှုများသည် ကမ္ဘာ့နိုင်ငံအကြီး၊ အငယ်များအပေါ် demonstration effect ဖြစ်ပေါ်လျက် အတုမြင်အတတ်သင် အဆိုးသင်ခန်းစာကို ထပ်မံပေးနေခြင်းလော။

**မြင့်မြတ်သောနှလုံးသားများရှိနေသည့်တိုင်**

ဤသို့ဆိုလျှင် စစ်ပွဲများတွင် ပါဝင်ပတ်သက်နေသည့် နိုင်ငံခေါင်းဆောင်များ ငြိမ်းချမ်းရေးကို မည်သူကမျှ နှစ်နှစ်ကာကာ စိတ်ဝင်စားမှုမရှိခြင်း သဘောပေလော။ ထိုကဲ့သို့မဟုတ်ပေ။ အတိတ်ကာလများကတည်းက ငြိမ်းချမ်းရေးကို နှစ်သက်မြတ်နိုးလျက် ကြိုးစားအားထုတ်မှု ပြုလုပ်ခဲ့သူများ ရှိခဲ့၏။ မဟတ္တမဂန္ဓီ၊ မာတင်လူသာကင်း၊ နယ်လ်ဆင်မင်ဒဲလားအပါအဝင် ခေါင်းဆောင်အချို့သည် စစ်ပွဲတိမ်တိုက်မည်းကြီးများ လွှင့်စဉ်ပျောက်ကွယ်၍ ကောင်းကင်ပြာပြာတွင် ငြိမ်းချမ်းရေးချိုးငှက်များ လွတ်လပ်စွာ ပျံသန်းနိုင်ရေးအတွက် ၎င်းတို့၏ဘဝကိုမြှုပ်နှံ၍ ရုန်းကန်လှုပ်ရှား ပင်ပန်းခဲ့ကြသည်။ ထိုကဲ့သို့ စွန့်လွှတ်အနစ်နာခံတတ်သော နှလုံးသားများ၏ မြင့်မြတ်သော အားထုတ်မှုများရှိခဲ့သည့်တိုင် စစ်ပွဲဖန်တီးရေး နှလုံးသားများသည် ဟန်ဆောင်မှုများကိုသာ အထင်းသားပြ၍ အတွင်းစိတ်သဘောကမူ တုတ်တုတ်မျှမလှုပ်ခဲ့ချေ။ အခြေအနေများသည် အရင်အတိုင်း ရန်လိုမုန်းထားမှုများ ကြီးစိုးနေဆဲ။ ကမ္ဘာကြီးသည် ကြေကွဲနေရဆဲဖြစ်၏။

ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် အထပ်ထပ်အခါခါ ကတိကဝတ်ပြုခဲ့ကြသော ကမ္ဘာ့နိုင်ငံခေါင်းဆောင်များ၏ နှုတ်ကတိများသည်လည်း အချည်းအနှီး။ လေထဲတွင် ချက်ချင်းပင် ပျောက်ကွယ်သွားသော၊ စာရွက်ပေါ်တွင် သမိုင်းမှတ်တမ်းအဖြစ် ပြရုံသက်သက်စကားလုံးများသာဖြစ်သည်ကို ဖြစ်နေဆဲစစ်ပွဲများက သက်သေပြလျက်ရှိနေသည်။ ကမ္ဘာ့နိုင်ငံများမှ ခေါင်းဆောင်အများစုသည် ၎င်းတို့၏ ကိုယ်ကျိုးစီးပွား၊ နယ်မြေချဲ့ထွင်လိုမှုလောဘ၊ အခြားနိုင်ငံများအပေါ် လွှမ်းမိုးကြီးစိုးလိုစိတ် စသည့်ပါဝါများအတွက် စစ်ပွဲဖန်တီးရန် တွန့်ဆုတ်ခြင်းမရှိကြ။ ပဋိပက္ခများ၊ စစ်ပွဲများကို မသိမသာရော၊ သိသိသာသာပါ ဖန်တီးပြီးရင်း ဖန်တီးနေကြသည်။

**ငြိမ်းချမ်းသည့်နှလုံးသားရှိသူများသာ ငြိမ်းချမ်းရေးအတွက်အဖြေရှာနိုင်**

ယနေ့ ကမ္ဘာ့နိုင်ငံခေါင်းဆောင်များထံမှ ထွက်ပေါ်လာသော “ငြိမ်းချမ်းရေး” ဆိုသော ဝေါဟာရသည် ၎င်းတို့အားလုံး၏ စိတ်ထားနှင့် ထပ်တူကျပါ၏လော။ ငြိမ်းချမ်းရေးဖြစ်စေချင်သော ရယူလိုမှုများသည် စိတ်ကူးယဉ်သက်သက် ဖြစ်နေပြီလော။ ကမ္ဘာ့ဒေသများစွာတွင် ကျင်းပပြုလုပ်ခဲ့ကြသော ငြိမ်းချမ်းရေးဖိုရမ်များ၊ ဆွေးနွေးပွဲများ၊ အစည်းအဝေးများတွင် မည်သည့်အရာ လစ်ဟာနေပါသနည်း။

ကမ္ဘာကြီးငြိမ်းချမ်းမှုရရှိရေးအတွက် ကြိုးစားအားထုတ်မှုများတွင် ပါဝင်နေကြသော ခေါင်းဆောင်တစ်ဦးချင်းစီသည် ၎င်းတို့၏ အတွင်းစိတ်သဘောမနောတို့ကို ပြန်လည်ဆန်းစစ်ကြဖို့ လိုလာသည်။ ငြိမ်းချမ်းရေးဆွေးနွေးမှုများတွင် ပါဝင်ဆွေးနွေးခြင်းမပြုမီ ၎င်းတို့တစ်ဦးချင်း၏စိတ်ထဲ၌ လောဘ၊ ဒေါသကိုတစ်ဖက်၊ ငြိမ်းချမ်းရေးကို တစ်ဖက်ထားလျက် စိတ်တိုက်ပွဲဝင်ခိုင်းနေသင့်သည်ဟု အကြံပြုပါသည်။ အဆိုပါ စိတ်တိုက်ပွဲ၌ ငြိမ်းချမ်းရေးက အနိုင်ရရှိစေရန် မိမိတို့၏စိတ်သန္တာန်ကို ပြင်ဆင်နေရမည်။ ငြိမ်းချမ်းရေးကသာ အမှန်တကယ် အနိုင်ရနေရမည်။ ငြိမ်းချမ်းရေးဖြစ်စေရန် စိတ်နှလုံးတွင် လောဘ၊ ဒေါသတို့ကို လျှော့ချနိုင်သလောက်

*စာမျက်နှာ ၁၁ သို့*

- ❐ **ယခု ဒုတိယကမ္ဘာစစ်ကြီးပြီးခဲ့သည်မှာ ခုနစ်ဆယ့်ငါးနှစ်ပင်ကျော်ခဲ့ပြီ။ ကုလသမဂ္ဂအဖွဲ့ကြီးသည် ခံ့ခံ့ထည်ထည်ရှိနေဆဲ။ ကောင်းမွန်စွာလည်ပတ်လုပ်ဆောင်နေဆဲမှာပင် ငြိမ်းချမ်းရေးဆိုသည်ကို နိဒါန်းပင်မပျိုးနိုင်သေးပေ။ စစ်ပွဲကြီးငယ်များသည်လည်း ဆက်လက်ဖြစ်ပွားနေဆဲ။**
- ❊ **ငြိမ်းချမ်းရေးဆွေးနွေးမှုများတွင် ပါဝင်ဆွေးနွေးခြင်းမပြုမီ ၎င်းတို့တစ်ဦးချင်း၏စိတ်ထဲ၌ လောဘ၊ ဒေါသကိုတစ်ဖက်၊ ငြိမ်းချမ်းရေးကို တစ်ဖက်ထားလျက် စိတ်တိုက်ပွဲဝင်ခိုင်းနေသင့်သည်ဟု အကြံပြုပါသည်။ အဆိုပါ စိတ်တိုက်ပွဲ၌ ငြိမ်းချမ်းရေးက အနိုင်ရရှိစေရန် မိမိတို့၏စိတ်သန္တာန်ကို ပြင်ဆင်နေရမည်။ ငြိမ်းချမ်းရေးကသာ အမှန်တကယ် အနိုင်ရနေရမည် ငြိမ်းချမ်းရေးဖြစ်စေရန် စိတ်နှလုံးတွင် လောဘ၊ ဒေါသတို့ကို လျှော့ချနိုင်သလောက် လျှော့ချထားနေရမည်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များနှင့် မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ် ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇူလိုင် ၂**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ဇွန် ၃၀ ရက်တွင် နည်းပညာတက္ကသိုလ်(ကျောက်ဆည်) ရှိ ဒုတိယပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ မန္တလေးငလျင်ကြီးလှုပ်ခတ်ပြီးသည့်နောက်ပိုင်း အဆောက်အအုံများ ပြန်လည်ပြုပြင်မှုများ၊ ပညာသင်နှစ်အလိုက် ကျောင်းသားကျောင်းသူများ၏ သင်ကြားသင်ယူဆောင်ရွက်နေမှုအခြေအနေများ၊ စာသင်ခန်းများ၊ ဌာနခန်းများ၊ ကွန်ပျူတာခန်းများ စီစဉ်ထားရှိမှုအခြေအနေများကို ဒုတိယပါမောက္ခချုပ်က ရှင်းလင်းတင်ပြမှုအပေါ် သင်ကြားသင်ယူမှုများ စနစ်တကျရှိစေရေး အမှန်တကယ် တတ်မြောက်သည်အထိ သင်ကြားနိုင်ရေး ရေရှည်မျှော်မှန်းချက်ထား ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ဌာနရုံးခန်းများ၊ စာသင်ခန်းများ၊ ကွန်ပျူတာခန်း၊ ရေ၊ မီးကိစ္စပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် ကျောင်းသား ကျောင်းသူအဆောင်များကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

မွန်းလွဲပိုင်းတွင် ကွန်ပျူတာတက္ကသိုလ်(မန္တလေး) သို့ ရောက်ရှိပြီး မန္တလေးငလျင်ကြီးကြောင့် တက္ကသိုလ်ရှိ အဆောက်အအုံများတွင် ထိခိုက်ပျက်စီးမှုများကြောင့် အသစ်ဆောက်လုပ်ထားရှိသော စာသင်ဆောင်များတွင် ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံ၍ သင်ကြားသင်ယူဆောင်ရွက်နေမှုများ၊ ကွန်ပျူတာခန်းများ၊ စီမံဌာနခန်းများ ပြင်ဆင်ဆောင်ရွက်ရန်ထားရှိမှုများ၊ ဘောလုံးကွင်းနှင့် ဖူဆယ်ကွင်းများ ပြင်ဆင်ဖြည့်ဆည်းပေးရန်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဇူလိုင် ၁ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်အတူ နည်းပညာတက္ကသိုလ်(စစ်ကိုင်း) ရှိ စာသင်ခန်းများတွင် ကျောင်းသား ကျောင်းသူများ၏ သင်ကြားသင်ယူနေမှုများ၊ Lab ခန်းများ၊ ကွန်ပျူတာခန်းများ၊ အလုပ်ရုံများ ပြင်ဆင်ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် မန္တလေးမြို့ မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်သို့ သွားရောက်ကာ ကျောင်းသား ကျောင်းသူများသင်ကြားသင်ယူဆောင်ရွက်နေမှု၊ ပင်မစာသင်ဆောင်ပြန်လည်ပြင်ဆင်ဆောင်ရွက်နိုင်မှုအခြေနေများကို ကြည့်ရှုစစ်ဆေးသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ဝန်ကြီးဌာန တာဝန်ရှိသူများနှင့်အတူ နည်းပညာတက္ကသိုလ်(မန္တလေး)သို့ သွားရောက်ကာ ကျောင်းသားကျောင်းသူများ ပညာသင်ကြားသင်ယူဆောင်ရွက်နေမှုများ၊ ပင်မစာသင်ဆောင် ပြန်လည်ပြင်ဆင်ဆောင်ရွက်ပေးနိုင်မှုအခြေအနေများ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မန္တလေးနည်းပညာတက္ကသိုလ်သို့ ရောက်ရှိရာ ဒုတိယပါမောက္ခချုပ်က ကျောင်းဆိုင်ရာ အချက်အလက်တင်ပြမှုများနှင့် ဗိသုကာဌာနမှူးက တက္ကသိုလ်ပင်မအဝင်လမ်း ဒီဇိုင်းလျာထားပုံစံများ တင်ပြမှုများအပေါ် တက္ကသိုလ်ဥပမိရိပ်ကောင်းမွန်စေရေး၊ သန့်ရှင်းသာယာ လှပစေရေး၊ စာသင်ခန်းများ၊ လက်တွေ့ခန်းများ စနစ်တကျထားရှိနိုင်ရေးနှင့် သင်ကြားသင်ယူမှု ပတ်ဝန်းကျင်ကောင်းများ၊ အခြေခံ အဆောက်အအုံများ ပြည့်စုံစေရေးမှာကြားသည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် ကျောင်းသား ကျောင်းသူများ၊ဌာနမှူး၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်ချက် တင်ပြမှုများအပေါ် ဦးစီးဌာန၊ တက္ကသိုလ်များ၏ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

*စာမျက်နှာ ၁၀ မှ*

လျှော့ချထားနေရမည်။ လောဘ၊ ဒေါသ လျှော့ချထားနိုင်လေလေ၊ ငြိမ်းချမ်းလိုသည့်စိတ်ပိုအားကြီးလေလေဖြစ်မည်။ ထိုသို့ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ပါဝင်နေသည့် ခေါင်းဆောင်များ၏ အတွင်းစိတ်၌ ငြိမ်းချမ်းရေးအနိုင်ရရှိနေမှသာ (စိတ်ငြိမ်းချမ်းမှုရှိနေမှသာ) အပြင်လောကနိုင်ငံများအချင်းချင်းကြား ဆွေးနွေးညှိနှိုင်း လုပ်ဆောင်ရမည့် ငြိမ်းချမ်းရေးကိုဦးတည်သည့် ကနဦးပြင်ဆင်မှုများ အလုပ်ဖြစ်မည်ဟုဆိုသည်။ စိတ်တိုက်ပွဲ၌ ငြိမ်းချမ်းရေးအနိုင်ရရှိထားသူများဖြင့်သာ၊ မိမိကိုယ်တိုင် ငြိမ်းချမ်းသည့် နှလုံးသားရှိသူများကသာ ငြိမ်းချမ်းရေးကို လက်တွေ့ကျကျ အဖြေရှာနိုင်လိမ့်မည်ဟု ယူဆ၏။

**မျှော်လင့်ချက်မဲ့ ကမ္ဘာ**

ယနေ့ ကမ္ဘာကြီးတွင် လူတို့၏ မဆင်ခြင်သော အပြုအမူများနှင့် သဘာဝတရား၏ ဟန်ချက်မညီ ယို့ယွင်းမှုများကြောင့် အပူချိန်ဒီဂရီများ တိုးလာနေစဉ် ကမ္ဘာကြီးကို မှီခိုနေကြသော လူသားတို့၏ စိတ်နှလုံးသားများသည်လည်း မသိမှု၊ အဝိဇ္ဇာတိုးလျက် လောဘ၊ ဒေါသ၊ မောဟတို့ဖြင့် ပူလောင်မြိုက်လျက်ရှိနေပါသည်။ ငြိမ်းချမ်းရေးအတွက် ကမ္ဘာ့လူသားတို့ မျှော်လင့်ချက်မဲ့ရတော့မည်လား။

ကောင်းကင်ပြာတစ်ခွင်၌ လွတ်လပ်စွာ ပျံသန်းနေသော ငြိမ်းချမ်းရေးချိုးငှက်ကို ရှာဖွေကြည့်သည်။ တွေ့မြင်ရနိုးနိုး မျှော်လင့်မိ၏။ ယခုအချိန်အထိ အရိပ်အယောင်မျှပင် မတွေ့ရသေး။ ။

ကိုးကား - https://www.eurasiareview.com/

❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# အမည်မည်းစာရင်းကြေညာခြင်း

*(ယမန်နေ့မှအဆက်)*

| စဉ် | ကုမ္ပဏီအမည် | ဒါရိုက်တာအဖွဲ့ဝင်အမည် | ကုမ္ပဏီလိပ်စာ | နိုင်ငံသားစိစစ်ရေးကတ်မှတ် |
|---|---|---|---|---|
| ၈၄ | MANDALAY DA ZHONG COMPANY LIMITED. | Mr. MA RONGFU | Nanage/4-74, 41x42 STR, 62x63 STR, Maharmyaing 2 QTR, Maharaungyay Township, Mandalay | E92386267 |
| ၈၅ | MANDALAY LONGYEAR SHOES COMPANY LIMITED. | Mr. Fu KunYuan | Factory Zone, Phase 1A, Block (A), Plot No. F-D1-4, Myotha Industrial Park, Ngazun Township, Mandalay | ED2724508 |
| | | Mr. OU QIANG | | E46527224 |
| | | Mr. ROGER BOPPART | | X3801140 |
| | | Mr. ZHANG ZAIJUN | | EE2038373 |
| ၈၆ | MAW BEAUTIFUL LAND CO.,LTD. | U Aung Aung Htwe | No. (1/C), Pyilhtung Su Street, Mineyu (105) Mile, Muse Township, Shan (North) | 9/MAYATA(N)001885 |
| | | U Min Zaw Thein | | 12/YAKANA(N)073640 |
| ၈၇ | MAY TRADING YANGON COMPANY LIMITED. | U Aung Naing Soe | No. (209), First Floor, 39th Street, Middle Block, Kyauktada Township, Yangon | 12/DAGATA(N)122765 |
| | | U Hla Win | | 12/DAGATA(N)132028 |
| | | U Tin Win | | 12/DAGATA(N)132025 |
| ၈၈ | MEGA A 99 COMPANY LIMITED. | U Aye Tun | No. 163, 3rd Floor, 101 Street, Phot Myay Quarter,Mingalar Taung Nyunt Township, Yangon | 12/THAGAKA(N)160231 |
| | | U Kaung Myat Tun | | 12/MAGATA(N)104391 |
| | | U Kaung Set Tun | | 12/MAGATA(N)104392 |
| ၈၉ | MOE HAN OO TRADING CO.,LTD. | Daw May Myint Khine | Dhamar Yong (1) Street, No.90-A (13) Quarter, Yankin Township, Yangon | 12/TAMANA(N)105609 |
| | | U Aung Myint@ Mohamed Mustafa | | 12/TAMANA(N)012373 |
| ၉၀ | MOE MYINT YAN COMPANY LIMITED. | Daw War War Tun | Thiri Myaing (3) Street, No.(6-A),Ground Floor, No.(13) Quarter, Hlaing Township,, Yangon | 8/YANAKHA(N)077576 |
| | | Naw Roser | | 13/THAPANA(N)039433 |
| | | U A Druck | | 2/DAMANA(N)008556 |
| | | U Moe Myint | | 12/LAMANA(N)136293 |
| ၉၁ | MOUNT VEBHARA TRADING COMPANY LIMITED. | Daw Thida Aye | Building 239, Room No.3, Sein Pan Myaing Street, 25-Ward, Thuwunna, Thingangyun T/S, Yangon | 12/Tha Ga Ka (N)083018 |
| | | Daw Yin Yin Win | | 12/Ta Ta Na (N)223184 |
| ၉၂ | MPTK COMPANY LIMITED. | MR. PHAKORN KOSONSITTIWIT | No.6(3B), 149 TH Street, Pyar Yay Goe Quarter, Tamwe Township, Yangon | AA 8766410 |
| | | MR. THANAKRIT KOSONSITTIWIT | | AA 7556400 |
| ၉၃ | MTS MYANMAR 2018 COMPANY LIMITED. | Daw Nan Mel Thwe Sein | West Hinthar Gone,, Block No, (42), (4) Quarter, Hpa An Township,, Kayin State | 3/BAAHNA(N)229233 |
| | | Nan Thuzar Win | | 3/MAWATA(N)088051 |
| | | Saw Khin Kyaw Oo | | 3/BAAHNA(N)219772 |
| ၉၄ | MUSE KO KANG CO., LTD. | Daw Khwar Nyo Aye | No.12, Swan Saw(4) Street, Swan Saw Quarter, Muse Township, Shan State | 13/LAYANA(N)005723 |
| | | Daw Hla Hla Aye | | 13/LAYANA(N)085165 |
| | | U Maung Win | | 13/LAYANA(N)124880 |
| | | U Nay Myo Naing | | 12/MAYAKA(N)162053 |
| | | U Soe Tint | | 13/LAYANA (N) 072430 |
| | | U Yann Khite Chan | | 13/KALATA (N)017253 |
| | | U Yann Laung;Sann | | 13/KALATA(N)017825 |
| | | Yan May Kyu @ Hnin Pwint Soe | | 13/LAYANA (N) 088431 |
| ၉၅ | MYA NAN SHWE YE KYAW COMPANY LIMITED. | Kyaw Win | No.(3032), MoeMakha Street, Yarza Thingaha Quarter, Ottara Thiri Township, Naypyitaw | 12/LAKANA(N)171843 |
| | | May Mie Kyaw | | 12/SAKHANA(N)069811 |
| | | Moh Moh Kyin | | 13/PATAYA(N)002884 |
| | | Yin Yin Kyaw | | 13/KALANA (N) 062611 |
| ၉၆ | MYANMAR ASIA EXPRESS TRADING CO., LTD. | Daw Ei Ei Shwe | Mya Wut Yi 5TH Street, No.12/A, Parami Yeikthar 9TH Quarter, Mayangone Township, Yangon | 12/MABANA(N)085504 |
| | | Daw Thi Thi Aye | | 10/BALANA(N)057589 |
| | | U Win Naing | | 12/MABANA(N)076949 |
| ၉၇ | MYANMAR BALAJI COMPANY LIMITED. | U Kay Zin Soe | No.182,4th Street, Ward No.93, Dagon (Seikkan) Township, Yangon | 14/Ah Ga Pa (N) 221114 |
| | | Daw Thin Thin Naing | | 7/Da Ou Na (N) 001412 |
| ၉၈ | MYANMAR BIMETAL COMPANY LIMITED. | Myo Min Oo | Thazin (1) Street, No. (751) (15)Ward, Dagon Myothit(East) Township, Yangon | 12/THAGAKA(N)190655 |
| ၉၉ | MYANMAR CULLET COMPANY LIMITED. | Aung Aye Htut | Golden City Business Center,C1,Zone C,1ST Floor Yankin Township, Yangon | 566013783 |
| | | Ei Shwe Sin | | 9/MAYAMA(N)013829 |
| | | Kyaw Kyaw Sein | | 13/LAYANA(N)000447 |
| | | Kyaw Min Oo | | 1/BAMANA (N)049363 |
| | | Ni Aung Khaing Myint | | 9/MAYATA(N)000178 |
| | | Tun Tun | | 9/MAYATA(N)108273 |
| | | Tun Win | | 9/MAYAMA(N)053811 |
| | | Zaw Win | | 13/TAKANA(N)003097 |
| ၁၀၀ | MYANMAR HAI LI AIR COMPANY LIMITED. | U Phyo Aung | Shwe Taung Tan Street, No.129 Lanmadaw Township, Yangon | 9/Makana(N)128856 |
| | | U Pyae Phyo Oo | | 14/AHGAPA(N)241234 |
| ၁၀၁ | MYANMAR HONG YE IMPORT AND EXPORT TRADING COMPANY LIMITED. | CHU JIANPING | Myaungtagar Industry Zone, No.82 HMAWBI, Yangon | EG6615891 |
| | | Khin Mar Cho | | 12/AHSANA(N)115558 |
| ၁၀၂ | MYANMAR MINGXINPACKING MATERIAL COMPANY LIMITED. | Moe Moe Aye | Block 1036 A, Hta Min Soape Gone Kwin, No.2/Ga Gyi& No.41/Ga Gyi,Pike Gyi Well Village Group, Hlegu Township, Yangon | 13/LAYANA(N)185028 |
| | | Zhao Shougong | | E42282105 |

စာမျက်နှာ ၁၃ သို့

စာမျက်နှာ ၁၂ မှ

| စဉ် | ကုမ္ပဏီအမည် | ဒါရိုက်တာအဖွဲ့ဝင်အမည် | ကုမ္ပဏီလိပ်စာ | နိုင်ငံသားစိစစ်ရေးကတ်မှတ် |
|---|---|---|---|---|
| ၁၀၃ | MYANMAR RECYCLES COMPAMY LIMITED. | HENRY CLEEVE COX<br>KEVIN MICHAEL MURPHY<br>ZHIPU DIANA WU | U Aung Kane Street, No.91/C3 Bahan Township, Yangon Plot 16, Myaungdaga Industrial Zone Hmawbi, Yangon Plot 16, Myaungdaga Industrial Zone Hmawbi, Yangon | E4119572<br>530457134<br>530986676 |
| ၁၀၄ | MYANMAR YADANAR JASMINE COMPANY LIMITED. | U Chit Khaing<br>U Kyaw Soe | No.(272), Ponnya Street,, Yat Kwet Gyi (2), (45) Ward, Pyin Oo Lwin Township, Mandalay | 9/PAOULA(N)056003<br>9/TATAOU(N)110296 |
| ၁၀၅ | MYANMAR YES COMPANY LIMITED. | | | |
| ၁၀၆ | MYANMAR YI YUCHENG RENEWABLE RESOURCES TECHNOLOGY CO., LTD. | Khin Moe Myint<br>Li, Sone | Mya Taung Win Gyee Oo Hmo Street, Warehouse No394 Shwe Lin Ban Industrial Zone, Hlaing Thar Yar Township, Yangon | 13/YASANA(N)002867<br>EC1797684 |
| ၁၀၇ | MYANMAR YULIN CO., LTD. | LI ZUOLONG<br>TANG JIANMING<br>ZHU YONGKANG | Kyi Su Industrial Zone, Plot No. (C-10), Myay Taing Block No. (175) Dagon Myo Thit (Seikkan), Yangon | EE6260940<br>E72646953<br>E96389537 |
| ၁၀၈ | MYAT HTET THU COMPANY LIMITED. | Daw Ei July<br>U Soe That | Thayet Taw (4) Street, No.(69) Thayet Taw (South) Ward, Kyeemyindaing Township, Yangon | 6/LALANA(N)074744<br>6/LALANA(N)063803 |
| ၁၀၉ | MYAT KYAW KYAW COMPANY LIMITED. | U Kyaw Than | No.1/133, Sepin Street, Taung Thar Quarter, Pyinmana Township,, Naypyitaw | 9/PAMANA(N)088116 |
| ၁၁၀ | MYAWADDY WHITE ELEPHANT COMPANY LIMITED. | Daw Hay Mar Phyo<br>Daw Phyo Thet Kyaw | Padauk Street,, No.(3) Quarter, Myawaddy Township, Kayin | 6/KATHANA(N)043591<br>12/OUKATA(N)166073 |
| ၁၁၁ | MYSICO CONSTRUCTION & TRADING COMPANY LIMITED. | U Saw Rock Son | No(146/L1), Pyay Road Mayangon Township, Yangon Yanshin Road,, Building (24), Room 34, Shwe Ohn Pin Housing (Yankin Palm Village (2)), Yankin Township,, Yangon | 12/MABANA(N)083355 |
| ၁၁၂ | N H O COMPANY LIMITED. | U Khin Htwe<br>U Khin Maung Latt<br>U Myo Htet Oo<br>U Shwe Win | Maharbandula Road , Between-30 x 29 Street,, No.491, 6-Ward, Pabedan Township, Yangon | 12/THAKATA(N)116441<br>12/PABATA(N)026253<br>12/PABATA(N)032566<br>12/PABATA(N)021705 |
| ၁၁၃ | N.Y.K GLOBAL DIAMOND CROWN COMPANY LIMTIED. | Daw Khin Sabei Aye @ Khatizar Bi Bi<br>U Tin Soe<br>U Wai Yan Soe | 54th Street, No.(17), 1st Floor Ward No.(2), Pazundaung Township, Yangon | 12/PAZATA(N)004829<br>12/PAZATA(N)000451<br>12/PAZATA(N)035743 |
| ၁၁၄ | NAN WAI WAI AUNG TRADING COMPANY LIMITED. | Daw Khin Nan Wai<br>U Htein Win<br>U Lian Sian Mung | No.(5), Oo Phee Street, Sanchaung (South) Quarter, Sanchaung Township, Yangon | 14/MAAHPA(N)203071<br>12/KAMAYA(N)036993<br>5/TAHSANA(N)097239 |
| ၁၁၅ | NATRON (MYANMAR) TRADING COMPANY LIMITED. | Daw Bout Jar.<br>U Tin Ko Oo | Thumingalar Road, Between Parami Road & Thitsar Road, No.(993), south Okkalapa Township, Yangon | 13/TAKANA(N)147499<br>8/PAMANA(N)002597 |
| ၁၁၆ | NEW FUTURE STAR COMPANY LIMITED. | Daw Nan Aye Cho | LA/AH(54), Taung Ni Kwae Street, Pait Swel Quarter, Moegoke Township, Mandalay | 13/MANGANA(N)006497 |
| ၁၁၇ | NGWE THEE INTERNATIONAL COMPANY LIMITED. | Daw Aye Thandar Khaing<br>U Win Thu | Ayar (18) Street, No(819), (NYA) Ward, North Okkalapa Township, Yangon | 12/OUKAMA(N)150079<br>12/OUKAMA(N)150284 |
| ၁၁၈ | NILAR YAUNG CHI COMPANY LIMITED. | U Maung Maung | No(158), (3) Street, (15)Ward, South Okkalapa Township, Yangon | 11/SATANA(N)119513 |
| ၁၁၉ | NYI MIN KHANT TRADING CO.,LTD. | U Aung Ko Latt @ Monarmed Usus<br>U Hein Htet Aung | 4th Street, No(94), Zaing North Quarter, Bago | 7/PAKHANA(N)002169<br>7/PAKHANa(N)378345 |
| ၁၂၀ | NYI NAUNG OO MWD COMPANY LTD. | U Saw Nyi Nyi<br>U Saw Than Naing Tun<br>U Aung Kyaw<br>U Naing Tun | ASIA Main Road, No. (A), Myawaddy Economic Zone, Myawaddy Township, Kayin State | 3/MAWATA(N)057515<br>3/MAWATA(N)057514<br>13/PHAKHANA(N)081567<br>9/MAKANA(N)072612 |
| ၁၂၁ | OSS ENGINEERING COMPANY LIMITED. | Daw Naw Nyar Moo | Pyaynawaday Street, 1/36 No.96, Shwe-pyithar Township, Yangon | 7/KATAKHA(N)076959 |
| ၁၂၂ | PA DA MYARR NYI NAUNG COMPANY LIMITED. | U Ye Min Zin<br>U Kaung Myat Kyaw<br>U Khin Maung Win<br>U Soe Min Lwin<br>U Min Ko<br>U Aung Naing Oo<br>U Lin Bin Hu @ Win Naing | No. 106, Myothit, Asia Main Road, Thin Gan Nyi Naung, Myawaddi Township, Kayin State | 8/PAKHAKA(N)208046<br>9/MAKHANA(N)149234<br>3/MAWATA(N)024223<br>3/BAAHNA(N)313829<br>8/PAMANA(N)107574<br>12/MAWATA(N)041138<br>12/LATHANA(N)000309 |

(ဆက်လက်ဖော်ပြပါမည်)

# ဂါဇာကမ်းမြောင်၌ ရက်ပေါင်း ၆၀ အပစ်အခတ်ရပ်စဲရေးဆိုင်ရာ သတ်မှတ်ချက်များကို အစ္စရေးသဘောတူ



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်

**ဂါဇာ ဇူလိုင် ၂**

အစ္စရေးသည် ဂါဇာကမ်းမြောင်ဒေသ၌ ရက်ပေါင်း ၆၀ အပစ်အခတ်ရပ်စဲရေး အဆုံးသတ်ရန် သတ်မှတ်ချက်များကို သဘောတူခဲ့သည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဇူလိုင် ၁ ရက်တွင် ပြောသည်။ ဟားမားစ်အဖွဲ့အနေဖြင့် အဆိုပါ သဘောတူညီချက်ကို လက်ခံရန် ထရမ့်က တိုက်တွန်းခဲ့သည်။

သို့သော်လည်း ဟားမားစ်အဖွဲ့က ပစ်ခတ်တိုက်ခိုက်မှုများ အပြီးတိုင်ရပ်တန့်ရန် တောင်းဆိုလျက်ရှိပြီး ယာယီအပစ်အခတ်ရပ်စဲရေး အဆိုပြုချက်နှင့်ပတ်သက်ပြီးသဘောတူလက်ခံမည်လားဆိုသည်ကို ရှင်းရှင်းလင်းလင်း မသိရသေးချေ။ အမေရိကန်နှင့် အစ္စရေးတို့မှ တာဝန်ရှိသူများသည် ရေရှည်အကျိုးဖြစ်ထွန်းမှုများ စေမည့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း ဇူလိုင် ၁ ရက်တွင် လူမှုကွန်ရက်မီဒီယာတွင် ထရမ့်က ပြောသည်။ အစ္စရေးသည် ရက်ပေါင်း ၆၀ အပစ်အခတ်ရပ်စဲရေး အဆုံးသတ်ရန် သတ်မှတ်ချက်များကို သဘောတူထားသည်ဟု ထရမ့်က ပြောသည်။

ဟားမားစ်အဖွဲ့က အရှေ့အလယ်ပိုင်းဒေသကောင်းကျိုးအတွက် သဘောတူညီချက်ကို လက်ခံမည်ဟု မျှော်လင့်ကြောင်းလည်း ထရမ့်က ဆက်ပြောသည်။ အစ္စရေးက သဘောတူထားသည့် အပစ်အခတ်ရပ်စဲရေးဆိုင်ရာ သတ်မှတ်ချက်များကို ထရမ့်က အသေးစိတ်ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိချေ။ လာမည့်သီတင်းပတ်အတွင်း သဘောတူညီမှုရရှိလိမ့်မည်ဟု ယူဆကြောင်း ဇူလိုင် ၁ ရက် နံနက်ပိုင်းတွင် ထရမ့်ကပြောသည်။ အမေရိကန်သမ္မတ ထရမ့်သည် လာမည့် ဇူလိုင် ၇ ရက်တွင် အိမ်ဖြူတော်၌ အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုနှင့် တွေ့ဆုံဆွေးနွေးရန်ရှိသည်ဟု သိရသည်။ **အင်န်အိတ်ချ်ကေ**

# ယခုနှစ် ပထမနှစ်ဝက်အတွင်း ဗီယက်နမ်နိုင်ငံ၏ ကော်ဖီတင်ပို့မှုဝင်ငွေ စံချိန်တင် မြင့်တက်

**ဟန္နိုင်း ဇူလိုင် ၂**

ဗီယက်နမ်နိုင်ငံ၌ ယခုနှစ် ပထမနှစ်ဝက်အတွင်း ကော်ဖီတင်ပို့မှုမှရရှိသည့် ဝင်ငွေသည်




အမေရိကန်ဒေါ်လာ ၅ ဒသမ ၅ ဘီလီယံအထိ စံချိန်တင်ရောက်ရှိခဲ့သည်ဟု စိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင် ဆိုင်ရာ ဝန်ကြီးဌာနက ဇူလိုင် ၂ ရက်တွင် ပြောသည်။

အဆိုပါ ဝင်ငွေပမာဏသည် တစ်နှစ်တာကာလအတွင်း ရည်ရွယ် သတ်မှတ်ထားသည့် အမေရိကန်ဒေါ်လာ ၅ ဒသမ ၄ ဘီလီယံကို ကျော်လွန်ခဲ့ခြင်းဖြစ်သည်။ ပို့ကုန်တန်ဖိုးလျင်မြန်စွာ မြင့်တက်ရသည့် အကြောင်းရင်းမှာ အမေရိကန်ပြည်ထောင်စု၊ ဥရောပသမဂ္ဂ၊ ဂျပန်၊ တောင်ကိုရီးယား၊ တရုတ်တို့အပါအဝင် အဓိက ဈေးကွက်ကြီးများ၏ ဝယ်လိုအား မြင့်တက်လာမှုကြောင့်ဖြစ်ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ၏ ကော်ဖီတင်ပို့မှုမှရရှိသည့် ဝင်ငွေသည် ယခုနှစ်ကုန်တွင် အမေရိကန်ဒေါ်လာ ၇ ဒသမ ၅ ဘီလီယံအထိ ရရှိကာ ၂၀၂၄ ခုနှစ်ကထက် ၃၇ ရာခိုင်နှုန်း မြင့်တက်လာစေရေး မျှော်မှန်းထားကြောင်း အဆိုပါ ဝန်ကြီးဌာနက ပြောသည်။ **ဆင်ဟွာ**

# အီသီယိုးပီးယားနိုင်ငံ၌ မေလအတွင်း ငှက်ဖျားရောဂါ ဖြစ်ပွားသူပေါင်း ၅၂၀၀၀၀ ကျော်ရှိ

**အဒစ္စအဘာဘာ ဇူလိုင် ၂**

အီသီယိုးပီးယားနိုင်ငံ၌ တစ်လအတွင်း ငှက်ဖျားရောဂါဖြစ်ပွားသူ ၅၂၀၀၀၀ ကျော်ရှိလာသည့်အတွက် ငှက်ဖျားရောဂါဆိုင်ရာ ညှိနှိုင်းဆောင်ရွက်မှုများနှင့် စောင့်ကြည့်ရေး ကြိုးပမ်းမှုများလုပ်ဆောင်နေသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောသည်။

အီသီယိုးပီးယားနိုင်ငံ၌ မေလအတွင်း ငှက်ဖျားရောဂါ ဖြစ်ပွားသူ ၅၂၀၇၈၂ ဦးရှိသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဇွန် ၃၀ ရက်တွင် ထုတ်ပြန်သည့် အီသီယိုးပီးယားကျန်းမာရေးဆိုင်ရာ သတင်းလွှာတွင် ဖော်ပြထားသည်။

တစ်ချိန်တည်းတွင် အီသီယိုးပီးယား၌ မျောက်ကျောက်၊ ငှက်ဖျား၊ ဝက်သက်နှင့် ကာလဝမ်းရောဂါဖြစ်ပွားမှုတို့ကို တုံ့ပြန်တိုက်ဖျက်လျက်ရှိသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောသည်။ လက်ရှိနိုင်ငံအတွင်း ဆက်လက်ဖြစ်ပွားနေသည့် ပဋိပက္ခအခြေအနေများကြောင့်လည်း အများပြည်သူ့ကျန်းမာရေးကို ပိုမိုထိခိုက်စေသည်ဟု သိရသည်။

ငှက်ဖျားရောဂါသည် စက်တင်ဘာနှင့် ဒီဇင်ဘာလအတွင်း အဖြစ်များကြောင်း၊ ဧပြီမှ မေလအတွင်းမှာ ဒုတိယအဖြစ်အများဆုံးဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ပြောကြားချက်အရ ၂၀၂၄ ခုနှစ်အတွင်း အီသီယိုးပီးယားနိုင်ငံတွင် ငှက်ဖျားရောဂါ ဖြစ်ပွားသူ ၈ ဒသမ ၄ သန်းကျော်ရှိပြီး တစ်နှစ်အတွင်း ငှက်ဖျားရောဂါဖြစ်ပွားသူအများဆုံးဟု သိရသည်။ **ဆင်ဟွာ**

# အိန္ဒိယနိုင်ငံမြောက်ပိုင်း၌ ရုတ်တရက်ရေကြီးမှုများကြောင့် လူ ၁၀ ဦးခန့်သေဆုံး

**နယူးဒေလီ ဇူလိုင် ၂**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဟိမာချယ်ပရာဒက်ရှ်ပြည်နယ်၌ မိုးတိမ်တောင်များနှင့် ရုတ်တရက်ရေကြီးမှုများ ဖြစ်ပွားပြီးနောက် အနည်းဆုံး လူ ၁၀ ဦးခန့် သေဆုံးပြီး ၃၄ ဦး ပျောက်ဆုံးနေကြောင်း တာဝန်ရှိသူများက ဇူလိုင် ၂ ရက်တွင် ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ မြောက်ပိုင်း ဟိမာချယ်ပရာဒက်ရှ် ပြည်နယ်၌ ပျက်စီးဆုံးရှုံးမှု အမြောက်အမြားဖြစ်ပေါ်စေသည့် မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ၂၄ နာရီအတွင်း ရေကြီးမှုသုံးခု ဖြစ်ပွားခဲ့ကြောင်း ပြည်နယ်အရေးပေါ်လုပ်ငန်းဖော်ဆောင်ရေး ဌာန (SEOC) ၏ ထုတ်ပြန်ဖော်ပြချက်အရ သိရသည်။

အဆိုးရွားဆုံး ထိခိုက်ခံစားခဲ့ရသော ဒေသမှာ ဟိမာချယ်ပရာဒက်ရှ်ပြည်နယ် မြို့တော်ဖြစ်သည့် ရှီမလာမြောက်ဘက် ၁၃၃ ကီလိုမီတာအကွာရှိ မန်ဒီဒေသဖြစ်သည်။ သဘာဝဘေးအန္တရာယ်ကြောင့် လွန်ခဲ့သော ၂၄ နာရီအတွင်း မန်ဒီဒေသတွင် လူ ၁၀ ဦး သေဆုံးပြီး ၃၄ ဦး ပျောက်ဆုံးလျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။ ပျောက်ဆုံးနေသူများ အသက်ရှင်နိုင်ခြေ နည်းပါးသောကြောင့် တာဝန်ရှိသူများက သေဆုံးသူဦးရေ တိုးလာမည်ကို စိုးရိမ်နေကြသည်။

မိုးရွာသွန်းမှုကြောင့် နေရာအများအပြားတွင် မြေပြိုမှုများနှင့် ရေနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့ပြီး လမ်းများပိတ်ခဲ့ရသည်။အာဏာပိုင်များက သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သော ဒေသများတွင် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသမှ လူ ၃၇၀ ခန့် ကယ်တင်ခဲ့သည်။ ဇွန် ၂၀ မှ ဇူလိုင် ၁ ရက်အထိ မုတ်သုံရာသီအတွင်း ရာသီဥတုနှင့် ဆက်စပ်ဘေးအန္တရာယ်များကြောင့် သေဆုံးသူ ၅၁ ဦးရှိပြီး ပျောက်ဆုံးသူ ၁၀၃ ဦး ရှိကြောင်း ပြည်နယ်အရေးပေါ်လုပ်ငန်းဖော်ဆောင်ရေး ဌာန၏ ထုတ်ပြန်ဖော်ပြချက်အရ သိရသည်။

အခြေခံအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၃ သန်းခန့်ရှိကြောင်း သိရသည်။ အထူးသဖြင့် မြေပြိုမှုနှင့် ရေကြီးမှုဒဏ်ခံရသော ဒေသများတွင် နေထိုင်သူများအား သတိထားနေထိုင်ရန် ပြည်နယ်အရေးပေါ် လုပ်ငန်းဖော်ဆောင်ရေးဌာနက တိုက်တွန်းထားသည်။ **ဆင်ဟွာ**



# ၂၀၂၅ ခုနှစ် ပထမနှစ်ဝက်အတွင်း အထောက်အထားမဲ့ အီကွေဒေါ ရွှေ့ပြောင်းနေထိုင်သူ ၃၉၇၇ ဦးကို အမေရိကန် ပြည်နှင်ဒဏ်ပေး

**ကွီတို ဇူလိုင် ၂**

၂၀၂၅ ခုနှစ် ပထမနှစ်ဝက်အတွင်း အထောက်အထားမဲ့ အီကွေဒေါ ရွှေ့ပြောင်းနေထိုင်သူ ၃၉၇၇ ဦးကို အမေရိကန်က ပြည်နှင်ဒဏ်ပေးခဲ့သည်ဟု အီကွေဒေါ နိုင်ငံခြားရေးဝန်ကြီးဌာနက ဇူလိုင် ၁ ရက်တွင် ပြောသည်။

ပြည်နှင်ဒဏ်ပေးခြင်းကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဌာနက လူမှုကွန်ရက်မီဒီယာပေါ်တွင် အတည်ပြုခဲ့သည်။ အမေရိကန် လူဝင်မှုကြီးကြပ်ရေး ဥပဒေများကို ပြဋ္ဌာန်းပြီးနောက် တရားမဝင်နေထိုင်သူများကို ပြည်နှင်ဒဏ်ပေးခြင်းဖြစ်သည်ဟု ဖော်ပြထားသည်။

အီကွေဒေါနိုင်ငံသား ၃၉၃၉ ဦးကို ဇွန် ၃၀ ရက် နောက်ဆုံးထား၍ လေယာဉ်ခရီးစဉ် ၄၆ ခုဖြင့် ပြည်နှင်ဒဏ်ပေးခဲ့ခြင်းဖြစ်သည်ဟု ဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။ ၂၀၁၉ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း အမေရိကန်က ပြည်နှင်ဒဏ်ပေးသည့် အီကွေဒေါနိုင်ငံသား ၅၁၁၀၇ ဦးရှိပြီဟု သိရသည်။ **ဆင်ဟွာ**

## ယခုနှစ် ပထမ ခြောက်လအတွင်း နီပေါနိုင်ငံသို့ နိုင်ငံတကာ ခရီးသွား ဝင်ရောက်မှုကျဆင်း

**ခတ္တမန္ဒူ ဇူလိုင် ၂**

လွန်ခဲ့သည့် ခြောက်လအတွင်း နီပေါနိုင်ငံသို့ နိုင်ငံတကာခရီးသွား ဝင်ရောက်မှု ၅၇၇၆၈၉ ဦးရှိပြီး ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်လျှင် ၀ ဒသမ ၉၁ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း နီပေါခရီးသွားလုပ်ငန်းဘုတ်အဖွဲ့က ဇူလိုင် ၂ ရက်တွင် ပြောသည်။

၂၀၂၄ ခုနှစ် ပထမခြောက်လအတွင်း နီပေါနိုင်ငံသို့ နိုင်ငံတကာခရီးသွားဝင်ရောက်မှုပေါင်း ၅၈၃၀၁၆ ဦးရှိကြောင်း၊ ခရီးသွားလုပ်ငန်းသည် နီပေါနိုင်ငံအတွက် နိုင်ငံခြားဝင်ငွေရရှိရုံသာမက အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖန်တီးပေးကြောင်း သိရသည်။ **ဆင်ဟွာ**

**ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့**

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၆)ရက် (တနင်္ဂနွေနေ့)




"Empower Rural Community – transform our world together"

"တို့ကမ္ဘာမြေတိုးတက်ပြောင်းလဲဖို့ ကျေးလက်စွမ်းအားမြှင့်တင်စို့"




# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၂**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ ရွှေမုဋ္ဌောစေတီ၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိက အဆောက်အအုံများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အပြီးသတ်ဖယ်ရှား ရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော မဟာစေတီလှစေတီတော်အား အသစ်တဖန် ပြန်လည်တည်ထားကိုးကွယ်မည့် မြေနေရာအားပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများ၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော မဟိယင်္ဂဏစေတီနှင့် လေးကျွန်းမာရ်အောင်စေတီတို့အား ပြန်လည်ပြုပြင် မွမ်းမံတည်ဆောက်နေသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ရှိ ရွှေစေတီဘာသန္တရ သင်တန်းကျောင်း၊ မဟာဇေတဝန် ကျောင်းတိုက်၊ ရှင်ပင်နန်းဦး ကျောင်းတိုက်၊ လေးကျွန်းမြေအုဋ္ဌကျောင်း ပရိယတ္တိစာသင်တိုက်၊ ပေါင်းလည်ဘုရားနှင့် မဟာစည်းခုံကြီးစေတီများသို့ သွားရောက်ကာ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိက အဆောက်အအုံများကို လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စက်ယန္တရားကြီးများ အသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး လုပ်အားပေးဆောင်ရွက်နေကြသူများကို အားဖြည့်အချိုရည်များ ပေးအပ်ကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ရာဇမဏိစူဠာကောင်းမှုတော်စေတီနှင့် ဆွမ်းဦးပုညရှင်စေတီတို့တွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို အပြီးသတ်ဖယ်ရှားရှင်းလင်းပြီး စေတီတော်လုံးပတ်ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ၊ ရင်ပြင်တော်တိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ၊ စေတီတော် ပုရိဝုဏ်အတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ပါရမီရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း (ခွဲ) နှင့် ပိုးတန်းရပ်ကွက်ရှိ လူနေအဆောက်အအုံအပြိုအပျက်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုတို့အား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့ အမရပူရမြို့နယ်ရှိ သမိုင်းဝင်အောင်မြေ ရွှေကြက်ကျဆုတောင်းပြည့်မြတ်စွာဘုရားသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပြန်လည်ပြုပြင်နေမှု အခြေအနေများကိုလည်းကောင်း၊ ဂန္ဓာကုဋိတိုက် အမိုးများ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ အပျက်အစီးများအား တပ်မတော်သားများနှင့် အဖွဲ့အစည်းအသီးသီးမှ အင်တိုက်အားတိုက် ဖယ်ရှားရှင်းလင်းနေမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် အဖွဲ့သည် ချမ်းမြသာစည်မြို့နယ် ကန်သာယာရပ်ကွက်နှင့် ချမ်းအေးသာစံမြို့နယ် ကဥ္စနမဟီရပ်ကွက်များသို့ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အန္တရာယ်ရှိ အဆောက်အအုံအပျက်အစီးများအား စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ဖယ်ရှား ရှင်းလင်းနေမှုများကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး စနစ်တကျပြုလုပ် ဆောင်ရွက်သွားရန်၊ အနီးပတ်ဝန်းကျင်ရှိ အဆောက်အအုံများအား ထိခိုက်မှုမရှိစေရေး အထူးဂရုပြု ဆောင်ရွက်ရန်၊ ဖြိုဖျက်ရန်ကျန်ရှိသော အဆောက်အအုံများအား အမြန်ဆုံးရှင်းလင်းဖယ်ရှား ဆောင်ရွက်သွားရန် မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ကဥ္စနမဟီရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အန္တရာယ်ရှိအဆောက်အအုံများကို စက်ယန္တရားကြီးများအသုံးပြု၍ ဖယ်ရှားရှင်းလင်းနေမှုအား ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ ရွှေစေတီဘာသန္တရသင်တန်းကျောင်း၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို ကြည့်ရှုစစ်ဆေးစဉ်။

# ပန်းတောင်းမြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ပန်းတောင်း ဇူလိုင် ၂**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် သစ်တောဦးစီးဌာနမှ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုး ပွဲကို ယနေ့ နံနက်ပိုင်းက ပန်းတောင်းမြို့နယ် နတ်မောက်ကျေးရွာအုပ်စု သီးကုန်းကျေးရွာ ပြည် – တောင်ကုတ်ကားလမ်းမိုင်တိုင်အမှတ်(၁၁/၇) ၌ ကျင်းပသည်။

**ပျိုးပင်များစုပေါင်းစိုက်ပျိုး**

ဦးစွာ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးထက်အောင်-၁ မှ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူရထံ ပျိုးပင်များ လွှဲပြောင်းပေးအပ်ခဲ့ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့် ကလေးစောင့် ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများ စုစုပေါင်း ၁၉၃ ဦးတို့က ကျွန်းပင် ၂၅၀၊ မဟော်ဂနီပင် ၁၅၀၊ ခရေပင် ၅၀၊ မန်ဂျန်ရှားပင် ၁၀၀၊ စိန်ပန်းပင် ၅၀ နှင့် ငုပင် ၁၀၀ စုစုပေါင်းသစ်မျိုးခြောက်မျိုး၊ ပျိုးပင် ၇၀၀ ကို သတ်မှတ်နေရာများတွင် စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

**လပြည့်လင်း(ပြန်/ဆက်)**



## အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အထိမ်းအမှတ်အကြို မြို့နယ် ၄၄ မြို့နယ်မှ ဒေသထွက်ကုန်များ ဖွင့်လှစ်ရောင်းချ

**ရန်ကုန် ဇူလိုင် ၂**

(၁၀၃)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အကြိုဈေးရောင်းပွဲတော်ကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် တိုင်းဒေသကြီးသမဝါယမဦးစီးဌာနရုံးဝင်း အတွင်း၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဦးစီးမှူး၊တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌတို့က ဈေးရောင်းပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ (ဓာတ်ပုံ)



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်၊ ဆိုင်ခန်းပေါင်း ၄၆ ခန်းရှိ ခင်းကျင်းပြသရောင်းချနေသော သမဝါယမအသင်းစုများ၊ အခြေခံသမဝါယမအသင်းများ၏ ထုတ်ကုန်များနှင့် မြို့နယ်များ၏ ဒေသထွက်ကုန်များကို လှည့်လည်ကြည့်ရှုအားပေးသည်။

တင်စိုး(မြန်မာ့အလင်း)



(၁၀၃)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း (မော်လမြိုင်)ရှိ သင်တန်းကျောင်းဝင်းအတွင်း၌ ပြုလုပ်ရာ မွန်ပြည်နယ် သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ပျိုးပင်များကို စုပေါင်းစိုက်ပျိုးစဉ်။

သတင်းစဉ်

ပန်းတနော်မြို့နယ်၌ မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂ ရက်က ဗိုလ်ချုပ်လမ်း စီမံကိန်းရုံး၌ ပြုလုပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနိုင်ဝင်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ပျိုးပင် ၂၀၀ အား ဖြန့်ဝေစိုက်ပျိုးစဉ်။ မြို့နယ်(ပြန်/ဆက်)



## မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်အဖြစ် တောင်ကြီးမြို့၌ တက္ကသိုလ်ပေါင်းစုံ လှယဉ်ကျေးမယ်ပြိုင်ပွဲကျင်းပ

**တောင်ကြီး ဇူလိုင် ၂**

၂၀၂၅ ခုနှစ် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် တက္ကသိုလ်ပေါင်းစုံ လှယဉ်ကျေးမယ်ပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲကို ယမန်နေ့က ရှမ်းပြည်နယ် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးစိုင်းလိတ်က အမှာစကားပြောကြားပြီး တောင်ကြီးမြို့ရှိ တက္ကသိုလ်များမှ ပြိုင်ပွဲဝင် လှယဉ်ကျေးမယ် ၂၇ ဦးတို့က သတ်မှတ်ကိုယ်ဟန်များ၊ စိတ်ကြိုက်ကိုယ်ဟန်များဖြင့် ယှဉ်ပြိုင်ကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ပြည်နယ်သယံဇာတရေးရာဝန်ကြီးက တတိယဆုရရှိသည့် တောင်ကြီးပညာရေးဒီဂရီကောလိပ်မှ မထူးထူးဇော်ကိုလည်းကောင်း၊ ပြည်နယ်စီးပွားရေးရာဝန်ကြီးက ဒုတိယဆုရရှိသည့် နည်းပညာတက္ကသိုလ်မှ မထက်ထက်ထွန်းကို လည်းကောင်း၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့



နာယက ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီးက ပထမဆုရ ဆေးတက္ကသိုလ် (တောင်ကြီး)မှ မသီရိမေသူကို လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။

ပြည်နယ်(ပြန်/ဆက်)

## ဘားအံမြို့၌ စားသောက်ကုန်ထုတ်သင်တန်းဖွင့်လှစ်သင်ကြား

**ဘားအံ ဇူလိုင် ၂**

ကရင်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း(ပထမအကြိမ်) ဖွင့်ပွဲအခမ်းအနားကို ဇွန် ၃၀ ရက်က ဘားအံမြို့နယ် မိန်းမလှကျွန်းကျေးရွာ၌ ကျင်းပရာ ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာကြူကြူလှိုင်က အမှာစကားပြောကြားပြီး သင်ထောက်ကူပစ္စည်းများနှင့် သင်တန်းသုံးကုန်ကြမ်းပစ္စည်းများကို ပြည်နယ်ညွှန်ကြားရေးမှူးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က သင်တန်းသူများထံ ပေးအပ်သည်။ အဆိုပါသင်တန်းကို ဇွန် ၃၀ ရက်မှ ဇူလိုင် ၆ ရက်အထိနှင့် ဒုတိယအကြိမ် သင်တန်းကို ဇူလိုင် ၁၄ ရက်မှ ဇူလိုင် ၂၀ ရက်အထိ ဖွင့်လှစ်ပေးမည်ဖြစ်သည်။ ခရိုင် (ပြန်/ဆက်)





## အိမ်မဲမြို့နယ်၌ ဆင်းသုခစပါးစိုက်ပျိုးမှု ကွင်းဆင်းကြည့်ရှု

**အိမ်မဲ ဇူလိုင် ၂**

မြောင်းမြခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် ခရိုင်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးအဖွဲ့တို့သည် အိမ်မဲမြို့နယ် တကောကျေးရွာအုပ်စု တောင်သူ ဦးမြင့်လွင်၏ ၄ ဒသမ ၆၇ ဧက၌ ဆင်သုခစပါးမျိုးအား ကောက်စိုက်သမများဖြင့် လက်စိုက် စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမြင့်အောင်တို့က ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ စီမံဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားသည်။ ချစ်သက်လယ် (ပြန်/ဆက်)

## ရှာဖွေကယ်ဆယ်ရေးနှင့် ရှေးဦးသူနာပြုသင်တန်းဖွင့်

**ရေး ဇူလိုင် ၂**

မွန်ပြည်နယ် ရေးမြို့နယ်၌ သဘာဝဘေးအန္တရာယ် ရှာဖွေကယ်ဆယ်ရေးနှင့် ရှေးဦးသူနာပြုစုနည်း လေ့ကျင့်ရေးသင်တန်းဖွင့်ပွဲကို ယနေ့ နံနက်က မြို့နယ်ကြက်ခြေနီအသင်းခွဲရုံးတွင် ကျင်းပရာ ရေးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့(ခေတ္တ) ဥက္ကဋ္ဌ ဗိုလ်မှူးအေးမင်းကျော်က အမှာစကားပြောကြားပြီး (ခေတ္တ)မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲနီထွန်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ပြောကြားသည်။

အဆိုပါသင်တန်းတွင် ရှာဖွေကယ်ဆယ်ခြင်း၊ သဘာဝဘေးအန္တရာယ်ခံစားရသူများအား ကျန်းမာရေးပြုစုစောင့်ရှောက်မှုပေးခြင်း၊ ကြိုတင်ကာကွယ်ခြင်းနှင့် အရေးပေါ်အသက်ကယ်ခြင်း စသည့်ဘာသာရပ်များကို သင်တန်းသား ၅၇ ဦးတို့အား ဇွန် ၃၀ ရက်မှ ဇူလိုင် ၄ ရက်အထိ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ ရှင်းသန့်ဖြူ (ပြန်/ဆက်)



## မင်္ဂလာဒုံမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အသိပညာပေး

**မင်္ဂလာဒုံ ဇူလိုင် ၂**

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံခရိုင် မင်္ဂလာဒုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ "မြန်မာအမျိုးသမီးများနေ့" ခေါင်းစဉ်ဖြင့် အသိပညာပေး Talk Show ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက လူထုအခြေပြုဗဟိုဌာန၌ ပြုလုပ်သည်။

အဆိုပါ အသိပညာပေး ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းထွန်းအောင်က အသိပညာပေး Talk Show ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်နီနီဝင်းကမြန်မာအမျိုးသမီးများနေ့ ဖြစ်ပေါ်လာပုံ၊ လူမှုဝန်ထမ်းဦးစီးဌာနမှဆောင်ရွက်နေသည့် အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများနှင့် အမျိုးသမီးများ၏ အခွင့်အရေး၊ အမျိုးသမီးများ အကြမ်းဖက်မှုကာကွယ်တားဆီးရေးများ၊ အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတားအဆီးဖြစ်စေသည့် အမျိုးသမီးများအပေါ် နည်းမျိုးစုံ



ဖြင့် ခွဲခြားဆက်ဆံအကြမ်းဖက်ခံရလျှင် ဆက်သွယ်တိုင်ကြားရမည့် Hotline နံပါတ်များ၊ မိမိဘဝတိုးတက်စေရန်၊ အသိပညာဗဟုသုတ ဖွံ့ဖြိုးလာစေရန် စာအုပ်စာပေကို များများဖတ်ရှုရန်လိုကြောင်း၊ နိုင်ငံနှင့် လူမျိုးအတွက် အားထားရသော သမီးကောင်းရတနာများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း စသည်ဖြင့် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

မင်းသိန်းထွန်း

# စကု (မင်းဘူး)မြို့၌ လျှပ်စစ်နှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆောင်ရွက်

**မင်းဘူး ဇူလိုင် ၂**

မကွေးတိုင်းဒေသကြီး စကုမြို့၌ စကုမြို့အုပ်ချုပ်ရေးမှူးက အနီးကပ်ကြီးကြပ်၍ စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာ ပူးပေါင်း



အဖွဲ့များက မြို့မဈေးအတွင်း လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေး၊ ဈေးမီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများအဖြစ် မီးကြိုးများ တပ်ဆင်သွယ်တန်းမှု၊ အရေးပေါ်မီးငြိမ်းသတ်ရေးများစီစဉ်ထားရှိမှုနှင့် ရေအလွယ်တကူ ရရှိသိုလှောင်မှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စကုမြို့လျှပ်စစ်မန်နေဂျာ ဦးဝေလင်းနိုင်နှင့် ဝန်ထမ်းများက မြို့စည်ပင်သာယာနယ်နိမိတ်အတွင်း လမ်းမီးတိုင်များ စနစ်တကျတပ်ဆင်ရေး၊ လျှပ်စစ်မီးကြိုးများနှင့် မလွတ်ကင်းသည့် သစ်ပင်များ ခုတ်ထွင်ခြင်းနှင့် လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ပေးကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

# မိတ္ထီလာခရိုင်တွင် သီးနှံပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာသင်တန်းဖွင့်လှစ်

**မိတ္ထီလာ ဇူလိုင် ၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့နံနက်က နည်းပညာပေး (TOT) သင်တန်းကို ဖွင့်လှစ်ရာ ဖွင့်ပွဲအခမ်းအနားတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်စန္ဒာလင်းက အမှာစကားပြောကြားပြီး တိုင်းမြေအသုံးချရေး တာဝန်ခံ ဒေါ်သင်းသင်းချိုက သီးနှံပန်းတိုင် အထွက်နှုန်းရရှိရေး နည်းလမ်းများကို လည်းကောင်း၊ တိုင်းမျိုးစေ့ဌာနခွဲမှ ဦးစီးအရာရှိက မျိုးကောင်းမျိုးသန့်မျိုးစေ့ ထုတ်လုပ်ခြင်းကို လည်းကောင်း၊ တိုင်းသီးနှံကာကွယ်ရေးဌာနခွဲမှ ဦးစီးအရာရှိက စတင်စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ စိုက်ခင်းများတွင် ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းနည်းနှင့် သိုလှောင်ထိန်းသိမ်းနည်းများစသည့် အကြောင်းအရာများကို လည်းကောင်း ပို့ချပေးသည်။ ထို့နောက် သိရှိလိုသည်များကို မေးမြန်းရာ သင်တန်းဆရာ ဆရာမများက ပြန်လည်ဖြေကြားသည်။



အဆိုပါ အဓိကသီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေး (TOT) သင်တန်းကို စိုက်ပျိုးရေးဦးစီးဌာန မိတ္ထီလာခရိုင်ရုံးနှင့် မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်များမှ ဝန်ထမ်း ၁၀၁ ဦး တက်ရောက်ကြောင်း သိရသည်။

**သိန်းမြင့်ကျော် (မိတ္ထီလာ)**

# လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုသင်တန်းဖွင့်

**သထုံ ဇူလိုင် ၂**

မွန်ပြည်နယ် သထုံမြို့နယ်၌ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန၊ အမှတ်(၈၈)စက်မှုလယ်ယာစခန်းနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ



(သထုံ)တို့ပူးပေါင်း၍ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်က မြေနီကုန်းကျေးရွာရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မိုးစိုးက သင်တန်းဖွင့် အမှာစကားပြောကြားပြီး မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးရဲမြင့်က သင်တန်းဖွင့်လှစ်ပေးရသည့် ရည်ရွယ်ချက်နှင့် သင်တန်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် ဒေသတွင်း လယ်ယာလုပ်ငန်းခွင်များ၌အသုံးပြုမှုများသည့် တစ်လုံးထိုးလက်တွန်းထွန်စက်၊ ထွန်စက်ကြီး၊ ရိတ်ခြွေစက်နှင့် ကောက်စိုက်စက်များကို စနစ်တကျ မောင်းနှင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းများကို စာတွေ့လက်တွေ့ ၁၂ ရက်ကြာ သင်တန်းသားသင်တန်းသူ ၃၆ ဦးတို့အား သင်ကြားပေးမည်ဖြစ်သည်။ **ခရိုင်(ပြန်/ဆက်)**

# မိုင်းခတ်မြို့နယ်၌ သံကူကွန်ကရစ်တံတားလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**ကျိုင်းတုံ ဇူလိုင် ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းခတ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်(မူလ)ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မိုင်းနှုန်းကျေးရွာအုပ်စု ယန်းကျန်ကျေးရွာအဝင် သံကူကွန်ကရစ်တံတား ဆောင်ရွက်နိုင်ရေး မြေပြင်အခြေအနေများကို ဇူလိုင် ၂ ရက်က တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှု ဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)



ဦးကျော်ဇေယျာလင်း၊ ကျိုင်းတုံခရိုင် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ဦးသိန်းလင်းနှင့် မြို့နယ်တာဝန်ခံတို့မှ ယန်းကျန်ရွာအဝင် သံကူကွန်ကရစ်တံတား အရှည် ပေ ၅၀ ၊ အနံ ပေ ၂၀ လုပ်ငန်း ဆောင်ရွက်ရန်နှင့် လုပ်ငန်းဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်သွားနိုင်ရေး ကွင်းဆင်းကြည့်ရှု ဆောင်ရွက်ကြသည်။ **ကိုစိုင်း**



# ညောင်ရွှေမြို့၌ ခရိုင်အဆင့် စက်လှေကိုင်တွယ်မောင်းနှင်ထိန်းသိမ်းမှုမွမ်းမံသင်တန်းဖွင့်

**ညောင်ရွှေ ဇူလိုင် ၂**

ရှမ်းပြည်နယ် မီးသတ်ဦးစီးဌာနက ဖွင့်လှစ်သည့် ခရိုင်အဆင့် စက်လှေကိုင်တွယ်မောင်းနှင် ထိန်းသိမ်းမှုမွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၂၅) ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၃၀ ရက်က ရှမ်းပြည်နယ် ညောင်ရွှေမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ကလောခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်က အမှာစကား ပြောကြားသည်။

**သင်ကြားပို့ချ**

သင်တန်းကို ဇွန် ၃၀ ရက်မှ ဇူလိုင် ၁၁ ရက်အထိ စာတွေ့လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း နှင့် သင်တန်းသို့ သင်တန်းသား ၅၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ



# မော်တော်ဆိုင်ကယ်ပြုပြင်နည်းသင်တန်းဖွင့်

**ကော့ကရိတ် ဇူလိုင် ၂**

ကော့ကရိတ်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ပထမအကြိမ် ဖွင့်လှစ်သည့် မော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းပညာသင်တန်းကို ယမန်နေ့က ကော့တာဟိုးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ ပြည်နယ်ဦးစီးမှူး ဒေါက်တာကြူကြူလှိုင်က အမှာစကားပြောကြားသည်။ ထို့နောက် သင်တန်းအတွက် သင်တန်းသုံးကုန်ကြမ်းများကို သင်တန်းကြီးကြပ်သူများထံ ပေးအပ်သည်။ သင်တန်းတွင် သင်တန်းသား ၁၀ ဦး တက်ရောက်လျက်ရှိသည်။ **ခရိုင်(ပြန်/ဆက်)**



ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ အခွန်ဆိုင်ရာ ရှင်းလင်းပွဲကို ဇူလိုင် ၁ ရက်က မြို့နယ်အခွန်ရုံး၌ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးကျော်က အမှာစကားပြောကြား၍ မြို့နယ်အခွန်ဦးစီးမှူး ဦးစောနိုင်ဝင်းက အခွန်ဆိုင်ရာ သိမှတ်စရာများကို ရှင်းလင်းပြောကြားစဉ်။ မြို့နယ်(ပြန်/ဆက်)

# မုံရွာမြို့၌ ခရိုင်အဆင့် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုး

**မုံရွာ ဇူလိုင် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ခရိုင်အဆင့်ဌာနဆိုင်ရာများ ၂၀၂၅ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့နံနက် ၈ နာရီက မုံရွာမြို့ အလက(ခွဲ)မြို့သစ်(၁)ကျောင်းဝင်းအတွင်း၌ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုလွင်နှင့် ခရိုင်/မြို့နယ်ဌာနဆိုင်ရာများက ဦးဆောင်၍ သတ်မှတ်နေရာများ၌ စိန်ပန်းကြီး၊ ခရေ၊ သပြေဘူတ၊ ငုရွှေဝါ ပန်းအလှပင် ၇၈ ပင်နှင့် တမာ၊ မဲဇလီ၊ ပန်းမဲဇလီ၊ ဗာဒံ၊ မယ်ဇယ်၊ ရေတမာအရိပ်ရအပင် ၂၂၂ ပင်ကို စုပေါင်းစိုက်ပျိုးကြသည်။ **ခရိုင်(ပြန်/ဆက်)**



## အမျိုးသမီးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများနှင့် တရုတ်အမျိုးသားနှင့်အတူ ပေါင်းသင်းရန်စီစဉ်ခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် ဇူလိုင် ၂

အမျိုးသမီးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများနှင့် အမျိုးသားနှင့်အတူ ပေါင်းသင်းရန်စီစဉ်ခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်နှစ်(၂၀) ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်နေ မ-----၊ ၂၅/၂၀၂၅ နှစ်ကို တစ်ရပ်ကွက်တည်းနေ ခါကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ် ဆမားဒူးဝါး(၃/ခ) ရပ်ကွက်နေ စန်းစန်းနွဲ့(ခ) စန်းစန်း(ခ)မအေးတို့က တရုတ်ယောကျ်ားယူပါက ငွေကျပ် သိန်း ၆၀ ခန့်ရမည်၊ ကလေးတစ်ဦးမွေးပေးပြီး ပြန်လာလိုပါက ပြန်လာ၍ရကြောင်း စည်းရုံးပြောဆိုပြီး မြစ်ကြီးနားမြို့မှတစ်ဆင့် တရုတ်နိုင်ငံသို့ ပို့ဆောင်ကာ တရုတ်ယောကျ်ားထံ ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့ကြသဖြင့် မြစ်ကြီးနားမြို့နယ် မြစ်ကြီးနားနယ်မြေရဲစခန်း (ပ) ၂၇/ ၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး ဇွန် ၃၀ ရက်တွင် မြစ်ကြီးနားခရိုင်တရားရုံးမှ တရားခံ စန်းစန်းနွဲ့(ခ)စန်းစန်း(ခ)မအေးအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် (၁၀) နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တရားခံ ခါကြီး အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/ ၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် စားပွဲထိုးအလုပ် လုပ်ကိုင်နေသည့် မ-----၊ ၁၇/၂၀၂၅ နှစ်ကို ဆိုင်သို့ လာရောက်လေ့ရှိသူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဥဿာမြို့သစ် (၅)ရပ်ကွက်နေ ထွေးထွေး(ခ)ချင်းချင်း(ခ)တရုတ်မက တရုတ်အမျိုးသားတစ်ဦးနှင့် တစ်ပတ်၊ ၁၀ ရက်ခန့် လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ပေးပါက ငွေကျပ်သိန်း ၅၀ ခန့်ရရှိမည်၊ တရုတ်အမျိုးသား ရန်ကုန်မြို့သို့ ရောက်ရှိလာသည့်အချိန်မှသာ လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ပေးရမည်၊ အသက်ပြည့်ပါက တရားဝင်ငွေကျပ်သိန်း ၁၅၀ ဖြင့် တင်တောင်းပြီး တရုတ်နိုင်ငံသို့ ခေါ်ဆောင်သွားမည်၊ တရုတ်အမျိုးသားမှ လိုအပ်သလို ထောက်ပံ့ပေးသွားမည်ဟု စည်းရုံးပြောဆို၍ တရုတ်အမျိုးသားနှင့် ပေါင်းသင်းနေထိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့သဖြင့် ပဲခူးမြို့ အမှတ်(၃)နယ်မြေ ရဲစခန်း (ပ) ၂၇၃/ ၂၀၂၄၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇွန် ၃၀ ရက်တွင် ပဲခူးခရိုင်တရားရုံးမှ တရားခံ ထွေးထွေး (ခ)ချင်းချင်း(ခ)တရုတ်မအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ်နှစ် (၂၀) ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ရခိုင်ရိုးလေးကျေးရွာနေ ဦး-----၊ ၃၈/၂၀၂၅ နှစ်အား တစ်ရပ်ကွက်တည်းနေ မပပက ဖျာပုံမြို့နယ် မြစ်တန်းကျေးရွာရှိ စက်လှေပေါ်တွင် ပိုက်ထောင်သည့် အလုပ်အားလုပ်ကိုင်ပါက တစ်လလျှင် စရိတ်ငြိမ်း ငွေကျပ် နှစ်သိန်းကျပ်ခန့်ရမည်၊ ၎င်းကိုယ်တိုင် လိုက်ပါပို့ဆောင်ပေးမည်ဟု စည်းရုံးပြောဆို၍ မိုးမင်းဝင်း(ခ)ငမိုး ထံပို့ဆောင်ပေးခဲ့ကြောင်း၊ မိုးမင်းဝင်း(ခ)ငမိုး မှ "ဖြိုး"ရေစင်သို့ ပို့ဆောင်ပေးခဲ့သဖြင့် ငါးဖမ်းသင်္ဘောပေါ်တွင် ခြောက်လကျော်ခန့် အလုပ်လုပ်ကိုင်ခဲ့ရကြောင်း၊ လုပ်အားခ ထုတ်ယူချိန်တွင် မရရှိဘဲ မိုးမင်းဝင်း(ခ)ငမိုးမှ လုပ်အားခငွေကျပ် ၁၀ သိန်းကို ကြိုတင်ခေါင်းပုံဖြတ် ထုတ်ယူသွားကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် တက်သစ်နယ်မြေရဲစခန်း (ပ) ၇/ ၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၆ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး မော်ဘီခရိုင်တရားရုံးမှ ဇွန် ၃၀ ရက်တွင် တရားခံ မိုးမင်းဝင်း(ခ)ငမိုးအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၆ အရ အလုပ်နှင့်ထောင်ဒဏ် (၅)နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တရားခံ မပပ အား ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၈၇/ ၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၂

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Myat Noe Thu" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံမြို့သစ် ကျန်စစ်သားရပ်ကွက်နေ ဟသ်ာမြင့်(ခ)မြတ်နိုးသူအား နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် လည်းကောင်း၊ "Soe Win Zaw" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် အမှတ် (၁၈)ရပ်ကွက်နေ စိုးဝင်းဇော် (ခ) ကောင်လေး(ခ) ဗိုလ်ဇော်အား ညနေ ၆ နာရီ ၅ မိနစ်တွင်လည်းကောင်းသက်ဆိုင်ရာရဲစခန်းအသီးသီး၌ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

### ရဲတပ်ဖွဲ့ဝင်များကို လက်နက်ငယ်များဖြင့် ပစ်ခတ်၍ အချုပ်တရားခံအား ခေါ်ဆောင်သွားသည့် PDF အမည်ခံ အကြမ်းဖက်သမားများနှင့် အချုပ်တရားခံအား တွေ့ရစဉ်။



အချုပ်တရားခံ ဇွန်ပွင့်လှိုင်



ပစ်ခတ်ရာတွင် ပါဝင်ခဲ့သူ တရားခံ ချစ်ဇင်လင်း(ခ) စောအယ်ထူး



ပစ်ခတ်ရာတွင် ပါဝင်ခဲ့သူ တရားခံ သီဟသူ



ပစ်ခတ်ရာတွင် ပါဝင်ခဲ့သူ တရားခံ သုခပြည့်စုံ(ခ) ဖိုးခွား



ပစ်ခတ်ရာတွင် ပါဝင်ခဲ့သူ တရားခံ သူရဝင်း



ပစ်ခတ်ရာတွင် ပါဝင်ခဲ့သူ တရားခံ အောင်စန်းမိုး(ခ) ပေါင်မုန့်

❖ *ကျောဖုံးမှ*

လိုက်ပါပို့ဆောင်သည့် ရဲတပ်ဖွဲ့ဝင်များအား လက်နက်ငယ်ကျည်များထိမှန်၍ ထိခိုက်မှုများဖြစ်ပေါ်ခဲ့ပြီး အချုပ်တရားခံ ဇွန်ပွင့်လှိုင်အား ခေါ်ဆောင်ထွက်ပြေးသွားကြောင်း သိရှိရသည်။

အဆိုပါ အချုပ်တရားခံနှင့် ခေါ်ဆောင်ထွက်ပြေးသွားသူများအား အမြန်ဆုံး ပြန်လည်ဖမ်းဆီးရမိနိုင်ရေးအတွက် ပိတ်ဆို့ရှာဖွေမှုများပြုလုပ်ခဲ့ရာ ယနေ့ နံနက်ပိုင်းတွင် သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာ (၆) လမ်းသွားလမ်းဆုံနေရာ၌ ဇွန်ပွင့်လှိုင်အပါအဝင် ရဲလုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သည့် ဘားအံမြို့နယ် တောင်ဝိုင်းကျေးရွာနေ ချစ်ဇင်လင်း (ခ) စောအယ်ထူး (၃၈)နှစ် (ဘ) ဦးစိန်မင်းနှင့် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်(၁၃) ရပ်ကွက်နေ သီဟသူ (၂၃)နှစ် (ဘ) ဦးဘိုဘိုသူတို့ကို လည်းကောင်း၊ စစ်ပစ်ကွင်း ကျေးရွာအနီး သန်လျင် - သုံးခွကားလမ်းရှိ စစ်ပင်ကွင်း ကားမှတ်တိုင်၌ ကျောက်တံခါးမြို့နယ် သမင်အင်းကုန်းကျေးရွာနေ သုခပြည့်စုံ (ခ) ဖိုးခွား (၂၀)နှစ် (ဘ) ဦးနေထွန်း၊ လှည်းကူးမြို့နယ် ရိပ်သာရပ်ကွက်နေ သူရဝင်း (၃၅)နှစ် (ဘ) ဦးသန်းဇော်နှင့် မုံရွာမြို့နယ် မြို့သစ်ရပ်ကွက်နေ အောင်စန်းမိုး (ခ) ပေါင်မုန့် (၂၂)နှစ် (ဘ) ဦးမိုးသီးတို့ကိုလည်းကောင်း၊ ပစ္စတိုနှစ်လက်၊ ကျည်မျိုးစုံ ၄၃ တောင့်၊ ကျည်အိမ် သုံးခု၊ လက်ပစ်ဗုံးလေးလုံးတို့နှင့်အတူ အသီးသီး ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အချုပ်တရားခံ ဇွန်ပွင့်လှိုင်အပါအဝင် လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိသည့် PDF အမည်ခံအကြမ်းဖက်သမားခြောက်ဦးအား တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

သတင်းစဉ်

## တပ်မတော်(လေ)မှ တိုက်ခိုက်ရေးလေယာဉ်တစ်စင်း လေ့ကျင့်ပျံသန်းရေး ဆောင်ရွက်စဉ် စက်ချွတ်ယွင်းမှု (သို့မဟုတ်) ရုတ်တရက် ရာသီဥတုဆိုးရွားမှုကြောင့် ဆက်သွယ်မှုပြတ်တောက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၂

တပ်မတော်(လေ)မှ တိုက်ခိုက်ရေးလေယာဉ်တစ်စင်းသည် ၂၀၂၅ ခုနှစ် ဇူလိုင် ၁ ရက် ညပိုင်း၌ ညအချိန် ခရီးဝေးလေ့ကျင့်ပျံသန်းဆောင်ရွက်စဉ် နေပြည်တော်၏ အရှေ့တောင်ဘက် ၁၃၀ ကီလိုမီတာအကွာ၌ ရုတ်တရက် ရေဒါမြင်ကွင်းမှ ပျောက်ကွယ်၍ ဆက်သွယ်မှုပြတ်တောက်လျက်ရှိသည်။

တာဝန်ရှိသူများ၏ ပဏာမစစ်ဆေးချက်အရ စက်ချွတ်ယွင်းမှု (သို့မဟုတ်) ရုတ်တရက်ရာသီဥတုဆိုးရွားမှုများကြောင့် ဖြစ်နိုင်ကြောင်းသိရှိရပြီး ဆက်သွယ်မှုပြတ်တောက်ရာ နေရာတစ်ဝိုက်သို့ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်ဆောင်ရွက်နိုင်ရေး ရာသီဥတုဆိုးရွားလျက်ရှိသော်လည်း သက်ဆိုင်ရာမှ စီမံဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

◆ *ကျောဖုံးမှ*

ဂိုးရရှိနိုင်သည့် အခွင့်အရေးများစွာကို လက်စွမ်းပြကာကွယ်ထားနိုင်ခဲ့သည်။

ရီးရဲမက်ဒရစ်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲကစားချိန် ၅၄ မိနစ်တွင် အာနိုး၏ ဖန်တီးမှုကို ဂွန်ဇာလိုဂါစီယာက ခေါင်းတိုက်အဆုံးသတ်သွင်းယူခဲ့ခြင်း ဖြစ်သည်။ ဂျူဗင်တပ်စ်အသင်းသည် ရီးရဲမက်ဒရစ်အသင်းဘက်သို့ ဂိုးရရှိနိုင်သည့် အခွင့်အရေး ဖန်တီးထားနိုင်ခြင်း မရှိပေ။

ရီးရဲမက်ဒရစ် အသင်းသည် ကလပ်ကမ္ဘာ့ဖလား ပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် ဒေါ့မွန်အသင်းနှင့် ဇူလိုင် ၆ ရက်တွင် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆ သင်းအဆင့်မှ အခြားပွဲစဉ်ရလဒ်တွင် ဒေါ့မွန်အသင်းက မက္ကဆီကိုကလပ် မွန်တာရေးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည်။

ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆ သင်းအဆင့်ပွဲစဉ်များ ယှဉ်ပြိုင်ကစားအပြီးတွင် ကွာတားဖိုင်နယ်သို့ ချယ်ဆီး၊ ပီအက်စ်ဂျီ၊ ဘိုင်ယန်မြူးနစ်၊ ရီးရဲမက်ဒရစ်၊ ဒေါ့မွန်စသည့် နာမည်ကြီးအသင်းများ တက်လှမ်းနိုင်ခဲ့သည်။ ကွာတားဖိုင်နယ်တွင် ဖလူမီးနိစ်က အယ်ဟီလယ်၊ ပါးမီးယပ်စ်က ချယ်ဆီး၊ ပီအက်စ်ဂျီက ဘိုင်ယန်မြူးနစ်၊ ရီးရဲမက်ဒရစ်က ဒေါ့မွန်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **အောင်ဇော်**

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန မှတ်ပုံတင်စိစစ်ဆုံးဖြတ်ရေး စည်းဝေး



**မကွေး ဇူလိုင် ၂**

မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူးကျင်းပသည့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ မှတ်ပုံတင်စိစစ်ဆုံးဖြတ်ရေးကော်မတီအစည်းအဝေးကို ယမန်နေ့က အဆိုပါ တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ အစည်းအဝေးတွင် တိုင်းဒေသကြီး အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်က အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးအသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုခိုင်က လျှောက်ထားလာမှုအခြေအနေအား ရှင်းလင်းဆွေးနွေးပြီး တိုင်းဒေသကြီးအဆင့် လုပ်ငန်းမှတ်ပုံတင် စိစစ်ဆုံးဖြတ်ရေးကော်မတီဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အစည်းအဝေးတွင် တင်ပြလျှောက်ထားလာသော အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းရှင် ၈၇ ဦး၏ အချက်အလက်များအား သတ်မှတ် စည်းကမ်းချက်များနှင့်အညီ အထောက်အထား အချက်အလက်ပြည့်စုံ မှန်ကန်မှုရှိ/ မရှိစိစစ်၍လုပ်ငန်းမှတ်ပုံတင် ခွင့်ပြုချထားပေးနိုင်ရေး အတည်ပြုဆုံးဖြတ်ဆောင်ရွက်ပေးခဲ့ကြသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

## တာချီလိတ်မြို့၌ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပေးအပ်ပွဲ ကျင်းပ

**တာချီလိတ် ဇူလိုင် ၂**

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန တာချီလိတ်မြို့နယ် ဦးစီးမှူးရုံးက ပန်းခင်းစီမံချက်အဆင့် (၃)ဖြင့် ကွင်းဆင်းဆောင်ရွက်ခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ပွဲကို ဇူလိုင် ၂ ရက်က ပါဝုန်းကျေးရွာ ဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒုတိယပြည်နယ်ဦးစီးမှူး၊ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြတ်သာက ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးနေမှုကို ရှင်းလင်း ပြောကြားပြီး ဒုတိယပြည်နယ်ဦးစီးမှူး ဦးအောင်မြတ်သာနှင့် တာဝန်ရှိသူတို့က နိုင်ငံသားစိစစ်ရေးကတ် ၅၇ ကတ်ကို လက်ဝယ်အရောက် ပေးအပ်သည်။ **သန်းဇော်(တာချီလိတ်)**



## မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲများ ကျင်းပ

**ဝေါ**

ပဲခူးမြို့နယ် သစ်တောဦးစီးဌာနက ဝေါမြို့နယ်အတွင်း မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂ ရက်က တမာတကေကျေးရွာနှင့် ဖိုးဦးစိန် ကျေးရွာသွားလမ်းဘေး (တမာတကေကျေးရွာ)အနီး၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသီဟထွန်းနှင့် အဖွဲ့ဝင်များ ဦးဆောင်၍ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင်ထွန်းနှင့် ဝန်ထမ်းများက ပျိုးပင်များကို ဖြန့်ဝေပေးပြီး ပျိုးပင်ပေါင်း ၅၁၉ ပင်ကို စုပေါင်း၍ စိုက်ပျိုးခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**



**သန်လျင်**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံး သန်လျင်၏ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂ ရက်က သန်လျင်မြို့ရှိ ခရိုင်ရုံး၌ ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှပိုမို၊ ဦးစီးအရာရှိ ဒေါ်ရွှေရည်ဝင်းကျော်နှင့် ခရိုင်အတွင်းရှိ မြို့နယ်၊ မြို့ရုံးတို့မှ ဦးစီးအရာရှိများ၊ ဝန်ထမ်းများက သတ်မှတ်နေရာများတွင် သစ်ပင်များ စိုက်ပျိုးပေးကြသည်။ **သန်းဝင်း (သန်လျင်)**



**ရွှေတောင်**

ရွှေတောင်မြို့နယ် ဆည်ကြီးကုန်းကျေးရွာအုပ်စု ညောင်ဝိုင်းကျေးရွာ ဆားကျင်းတောင်ဘုရားအနီးတွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂ ရက်က ပြုလုပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဟံဝင်းအောင်နှင့် တာဝန်ရှိသူများက မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ဒေသခံပြည်သူများထံသို့ ပျိုးပင်များပေးအပ်ပြီး ပျိုးပင်များကို စုပေါင်းစိုက်ပျိုးခဲ့သည်။ အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် စုစုပေါင်း ပျိုးပင်ပေါင်း ၃၅၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **ကိုကိုမင်း (ပြန်/ဆက်)**



## မိုးနဲမြို့၌ မိုးသီးနှံမျိုးစေ့ထုတ်စိုက်ခင်းစိုက်ပျိုးနေမှုနှင့် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)ထယ်ထိုးခြင်း ကွင်းသရုပ်ပြ

**မိုးနဲ ဇူလိုင် ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် မိုင်ဟိုင်းကျေးရွာအုပ်စုတွင် စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်လျက်ရှိသော မိုးသီးနှံနေကြာမျိုးစေ့ထုတ်စိုက်ခင်း စိုက်ပျိုးနေမှုနှင့် မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ထယ်ထိုးခြင်း လုပ်ငန်း ဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါ စိုက်ကွင်းနေရာ၌ ကျင်းပသည်။



ကွင်းသရုပ်ပြပွဲသို့ နမ့်စန်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ကျော်ဝင်း၊ ခရိုင်မြေစာရင်းဦးစီးဌာနမှူး ဦးသန့်ဇော်ဦးနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆက်လက်၍ နေကြာမျိုးစေ့ထုတ်စိုက်ခင်း စိုက်ပျိုးနေမှု၊ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ထယ်ထိုးနေမှုနှင့် မျိုးစေ့များ ထုတ်လုပ်ထားရှိမှု အခြေအနေများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြည့်ရှုရာ လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မော်ဦးနှင့် စိုက်ခင်းတာဝန်ခံ ဦးကျော်လတ်တို့က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

## ပြည်မြို့နယ်၌ အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ ကြိုဆိုဂုဏ်ပြု မိုးနှောင်းဝါသီးနှံများ စတင်စိုက်ပျိုး

**ပြည် ဇူလိုင် ၂**

(၁၀၃)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် သမဝါယမအသင်းစုပိုင် ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ပြည်မြို့နယ် ဝန်တင်ဆိပ်ကျေးရွာ သမဝါယမစိုက်ခင်း၌ ယနေ့နံနက်ပိုင်းက မိုးနှောင်းဝါသီးနှံ Raka-666(BT) မျိုးများ စတင်စိုက်ပျိုးကြသည်။

ပြည်မြို့နယ်၌ ၂၀၂၅- ၂၀၂၆ ဘဏ္ဍာနှစ် မြို့နယ်သမဝါယမအသင်းစုပိုင်ငွေဖြင့် သမဝါယမမိုးနှောင်းဝါစီမံကိန်းစိုက်ပျိုးခြင်းကို သမဝါယမအသင်း ခုနစ်သင်းမှ အသင်းသားတောင်သူ ၅၆၅ ဦး၏ ဝါစိုက်ဧကပေါင်း ၂၇၀၀ စိုက်ပျိုး ဆောင်ရွက်မည်ဖြစ်ကာ ယနေ့တွင် "ဝန်တင်ဆိပ်" စိုက်/ထွေ သမဝါယမအသင်းမှ အဆိုပါ Raka-666(BT) ဝါမျိုးများ စတင်စိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။ **ကိုဆက်(ပြန်/ဆက်)**



## မိုင်းတုံမြို့နယ် ပိန်းမုံ - ဝမ်ပုံလမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရေး ကွင်းဆင်းတိုင်းတာ

**မိုင်းတုံ ဇူလိုင် ၂**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပိန်းမုံ-ဝမ်ပုံလမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရေး ကွင်းဆင်းတိုင်းတာခြင်းကို ဇူလိုင် ၁ ရက်က တာဝန်ရှိသူများ ကွင်းဆင်းတိုင်းတာသည်။



ထိုသို့ ကွင်းဆင်းတိုင်းတာရာတွင် မိုင်းဆတ်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးအေးလွင်၊ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အငယ်တန်းအင်ဂျင်နီယာ-၁ (မြို့ပြ) ဦးပြည့်ဖြိုးဟန်နှင့် အငယ်တန်းအင်ဂျင်နီယာ-၂(မြို့ပြ)ဦးရဲကိုတို့နှင့်အတူ ပိန်းမုံ - ဝမ်ပုံလမ်း အရှည် ၄ ဖာလုံ၊ အကျယ် ၁၆ ပေ၊ ၃ ကိုးလက်မရှိ ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ရန် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေကျပ် ၁၂၁ ဒသမ ၅ သန်းဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **ဇင်မာ**

## ဖခင်အမည်မှန်

ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့နယ်၊ သရက်နှစ်ခွရွာနေ အလက (သင်းကျွန်း) Grade-2 မှ မောင်ဇွဲထက်ဝေယံ၏ ဖခင် ဦးအောင်သူ၏ အမည်မှန်မှာ ဦးအောင်သူလတ် ဖြစ်ပါကြောင်း။

**ဦးအောင်သူလတ်**

## အမည်မှန်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ တလိုင်းထိန်ရပ်၊ ဇရပ်လမ်း၊ အမှတ် (၃၈၀)နေ ဦးမင်းသူရ၏သမီးဖြစ်သူ မဝင့်ယမုံဖူး၏ အမည်မှန်မှာ မဝင့်ယမုံဖူး ဖြစ်ပါကြောင်း။

**မဝင့်ယမုံဖူး**

## ဖခင်အမည်မှန်

မြိတ်မြို့၊ အထက (၃)၊ Grade-12 မှ မောင်ထက်မြတ်ကျော်သူ၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဦးကျော်သူဆွေ ၆/မအရ(နိုင်)၀၉၈၅၄၇ ဖြစ်ပါကြောင်း။

**ဦးကျော်သူဆွေ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြိတ်မြို့၊ ပုလဲဒီပါရပ်၊ ရှမ်းလမ်းနေ (ဘ)ဦးစောမောင်၏ သမီး ဒေါ်စံမီနှင့် ဒေါ်ခင်ကြူ ၆/မအရ(နိုင်)၀၄၁၄၇၈ တို့မှာ လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်စံမီ(ခ)ဒေါ်ခင်ကြူ**

## ကန့်ကွက်နိုင်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ မော်လိုက်ကလေးကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ် ၄၃/မြင်သာ၊ ဦးပိုင်အမှတ် ၂၄၀၀/၁၊ မြေဧရိယာ (၁ဒသမ၀၀)ဧကေ အား ဦးကျော်မိုးထွန်း ၅/မရန(နိုင်)၁၂၈၅၉၃က စက်မှုစီးပွား မြေငှားဂရန် အမည်ပြောင်း လျှောက်ထားမည်ဖြစ်ပါသဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း မှတ်ပုံတင်စာချုပ် စာတမ်းမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်မိုးထွန်း ၅/မရန(နိုင်)၁၂၈၅၉၃**

## ဖခင်အမည်မှန်

အိမ်မဲမြို့နယ်၊ မဲဇလီစာဖြူစုကျေးရွာအုပ်စု၊ ပေါက်ပင်ကွင်းကျေးရွာနေ မအေးမြတ်မွန်၊ မောင်အီနိုစန်း၊ မနိုဘယ်လင်း တို့၏ ဖခင်အမည်မှန်မှာ ဦးစီမီရန်ဂျာစုရာဂျူး ၁၄/အမန(နိုင်)၁၇၂၄၉၇ ဖြစ်ပါကြောင်း။

**ဦးစီမီရန်ဂျာစုရာဂျူး**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်၊ ဆင်ခေါင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ Grade-12 သင်ဆဲ မောင်ထက်နိုင်လင်း ၏ ဖခင် ဦးခင်မောင်ဦး ၏ အမည်မှန်မှာ ဦးမောင်ဦး ၈/မတန(နိုင်)၀၅၁၂၇၂ ဖြစ်ပါကြောင်း။

**ဦးမောင်ဦး**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့နယ်၊ ဥသာမြို့သစ်၊ အမှတ်(၈)ရပ်ကွက်၊ မြေတိုင်းအမှတ် (၂၃-အေ)၊ မြေကွက်အမှတ် (၁၃၃၀)၊ မြေဧရိယာ (၀.၁၈၄) ဧကရှိသောမြေအား ဒုတိယဗိုလ်မှူးကြီးကိုကိုကြီးမှ မြေငှားဂရန် အသစ်လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ပဲခူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန်အသစ် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပဲခူးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ အမှတ်(၆)ရပ်ကွက်၊ အကွက်အမှတ် (၆)၊ မြေကွက် အမှတ်(၂၅၈) (၆၀' x ၆၀') နှင့် မြေကွက်အမှတ်(၂၅၉) (၈၃'x၆၀') အကျယ်အဝန်းရှိ ဦးကျော်စွာဟိန်း (၁၂/လသန(နိုင်)၀၂၁၁၄၉) အမည်ဖြင့် ချထားပေးသော ပါမစ်မြေကွက်(၂)ကွက်ကို ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ကျော်လွင်က အပြီးအပိုင်ဝယ်ယူမည်ဖြစ်၍ ကန့်ကွက်လိုသူ မည်သူမဆို ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကျော်လွင် (တရားလွှတ်တော်ရှေ့နေ) (စဉ်-၅၃၇၇)၊**
**အမှတ်(၁၅၀)၊ ရွှေယင်းမာလမ်း၊**
**(၁၃)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၂၀၀၆၅၁၁၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (12-F)၊ ကန်/မြောက်ရပ်ကွက်၊ ဒေါ်သိန်းတင်လမ်း၊ အမှတ်(၇၈)ရှိ မြေပေါ်တွင် ဆောက်လုပ်ထားသော(၂)ခန်းတွဲ(၂)ထပ် ဟောင်ကောင်တိုက် အဆောက်အအုံမှ တိုက်မှမျက်နှာမူလျှင် (ဘယ်ဘက်ခြမ်း) ထပ်ခိုးပါမြေညီထပ်+ပထမထပ် အခန်းအကျယ်အဝန်း(၁၇x၅၀)ပေ၊ အမြင့်(၁၇)ပေရှိ တိုက်ခန်းနှင့်တိုက်ခန်းတွင် အခိုင်အမာတွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းများအားလုံးအပါအဝင်ကို ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးဇော်ဝင်း(၁၂/သဃက(နိုင်)၀၅၆၁၃၃)က အထက်ပါ တိုက်ခန်းကို မိမိသာတရားဝင်ပိုင်ဆိုင်ပြီးအရှုပ်အရှင်း ကင်းရှင်း၍ မိမိတစ်ဦးတည်း၏သဘောဆန္ဒဖြင့် လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါတိုက်ခန်းများအား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့်ကျွန်ုပ်ထံလာရောက်ကန့်ကွက် နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည် အထိဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ -**
**ဒေါ်ရီရီသန့် LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၉၃၉)**
**အမှတ် (၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇) ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## ကန့်ကွက်နိုင်ပါသည်

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဓ)၊ သုနန္ဒာ(၅)လမ်း၊ အမှတ်(၆၁၅---)၊ မြေအကျယ် ပေ(၂၀x၆၀)အနက်မှမြေကွက်အမှတ်(၆၁၂)နှင့် ကပ်လျှက်ဘက်ရှိမြေအကျယ်ပေ(၁၀ x ၆၀)ရှိမြေနှင့် ယင်းမြေပေါ်ရှိ ရေ/မီးပါရှိသည့် နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် မိခင်-ဒေါ်တင်မြ(ကွယ်လွန်)၏ အမည်ပေါက်သော နှစ်(၆၀)မြေငှားဂရန်မြေ ဖြစ်ပါကြောင်း၊ မိခင်-ဒေါ်တင်မြ (ကွယ်လွန်)တို့၏သားသမီးများဖြစ်ကြသော ဦးလှစိန်(ကွယ်လွန်)၏သမီး-ဒေါ်မိုးသီတာ၊ ဒေါ်စိန်စိန်၊ ဒေါ်ထွေးထွေး၊ ဒေါ်သန်းသန်း၊ ဦးတင်ဝင်းနှင့် ဒေါ်ထွေးစိန်တို့မှ အမွေဆက်ခံပိုင်ဆိုင်ကြပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်းဝန်ခံကြပါသဖြင့် ဒေါ်ဇင်သီတာ(၁၂/ဥကမ(နိုင်)၂၀၇၈၃၁)မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ (၁၄)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ပြီးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ **ဒေါ်ဇင်သီတာ ၏ ညွှန်ကြားချက်အရ-**

**ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြငွေး(H.G.P.LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၀၅)၊(၂၀-၇-၁၉၉၈)**
**ရုံး-(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉ ၅၄၀၇၂၂၉**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ လမုတန်းရပ်ကွက်၊ အမှတ် (၁၄၉/A)၊ နဝဒေးလမ်းဟု မှတ်သားတည်ရှိသော အကျယ်အဝန်းပေ (၁၂ ½ 'x၅၀')ပေ ၎င်းတိုက်ခန်းနှင့်ပတ်သက်သော ဦးနိုင်ဝင်းဇော် (၁၂/သကတ(နိုင်)၀၆၂၆၅၅) က မိမိသာ တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ် ဒေါ်ခိုင်နေချို (၁၂/ဒပန (နိုင်)၀၅၃၇၃၃)က စရန်ငွေပေးချေထားပြီးဖြစ်ရာ ထိုအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသည့် မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာ ရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခိုင်နေချို ၁၂/ဒပန(နိုင်)၀၅၃၇၃၃**
**ဖုန်း-၀၉-၉၇၂၂၄၇၃၅**

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်မြို့၊ ရွှေတံခါးရပ်ကွက်၊ အကွက်အမှတ်(၇၄၄^A) ရွှေတံခါးအပိုင်း(၂)၊ ဦးပိုင်အမှတ် (၃၅)မှ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်သည် မူလတွင် ဒုတိယဗိုလ်မှူးကြီးခင်မောင်မြင့် အမည်ဖြင့် (၁၃.၁.၁၉၉၈)မှ (၁၂.၁.၂၀၂၈) ထိ နှစ်(၃၀) မြေငှားဂရန်ရရှိထားရာမှ မြေကွက်အမည်ပေါက်သူ ဒုတိယဗိုလ်မှူးကြီး ခင်မောင်မြင့်သည် (၁၄.၁၀.၂၀၁၄)ရက်နေ့တွင်လည်းကောင်း၊ ဇနီး ဖြစ်သူ ဒေါ်နော်ဘက်တီသည် (၆.၁.၂၀၀၅)ရက်နေ့တွင်လည်းကောင်း ကွယ်လွန်သွားကြပြီး တစ်ဦးတည်းသောသားဖြစ်သူ ဦးခင်မောင်ဦးသည် (၂၂.၁၂.၂၀၂၄)ရက်နေ့တွင်လည်းကောင်း၊ ၎င်း၏ဇနီးဖြစ်သူ ဒေါ်ဥမ္မာကြည်သည် (၇.၆.၂၀၀၂)ရက်နေ့တွင် လည်းကောင်း အသီးသီးကွယ်လွန်သွားကြသဖြင့် အမွေဆက်ခံရန် သား/သမီးများ မကျန်ရှိခဲ့ပါသောကြောင့် ဦးခင်မောင်မြင့်၏ ညီဖြစ်သူ ဦးမောင်မောင်လွင်သည် ဖော်ပြပါ မြေကွက်အား လက်ရှိပိုင်ဆိုင်အကျိုးခံစားလျက်ရှိကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း ချုပ်ဆိုထားသည့် မွေကပ်ဟာ စာချုပ်တို့နှင့်အတူ ဤရုံးသို့ မြေငှားဂရန်အမည်ပြောင်း လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ရက်(၃၀)အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်မြို့**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၇-၆-၂၀၂၅ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၃)ယာဉ်အမှတ် ၇၆ယ/၆၅၂၆၅ ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း ကြော်ငြာတွင် ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (ဘားအံမြို့) အစား ကညန၊ ပြည်နယ်ဦးစီးမှူးရုံး မော်လမြိုင်မြို့ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပြင်ဆင်ဖတ်ရှုပါရန်

၂၉-၆-၂၀၂၅ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၂) မဟာအောင်မြေခရိုင် တရားရုံးတော်၏ ကြော်ငြာတွင် (နန်းစစ်ငင်း)အစား (နန်းစမ်ငင်း) တွဲဖက်ခရိုင် တရားသူကြီး(၂) မဟာအောင်မြေခရိုင် တရားရုံးဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 31W/30378 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဇေယျ ၁၃/နခတ(နိုင်)၀၆၇၂၈၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ပြင်ဦးလွင်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/69182, TVS DAZZ 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ငွေငွေမြင့် ၅/မရန(နိုင်) ၂၁၇၃၃၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ ရာဇဓိရာဇ်လမ်း၊ အမှတ်(၁၂၇)နေ ဦးအေးစိုးလင်း ၁၀/မလမ(နိုင်)၁၆၅၁၅၆နှင့် ဒေါ်စန္ဒာမိုး ၁၀/မဒန(နိုင်)၀၃၅၅၆၈တို့၏သားဖြစ်သူ မင်းညွန့်အောင်(ခ)မင်းမင်း ၁၀/မလမ(နိုင်) ၂၄၃၆၈၆သည် မိဘအားစိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်စေရန်နှင့် ဆိုဆုံးမ၍ မရအောင် မမြဲတစေပြုမူပြောဆိုလုပ်ဆောင်နေသည့်အပြင် ခွင့်လွှတ်၍ မရအောင် ပြုမူပြောဆိုသူတစ်ဦးဖြစ်ပြီး မိဘ၏ဂုဏ်သိက္ခာကျဆင်းအောင် ပြုမူဆောင်ရွက်ချက်များ ပြုမူဆောင်ရွက်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် မင်းညွန့်အောင်(ခ)မင်းမင်း၏ ကိစ္စအဝဝသည် ကျွန်တော်/ကျွန်မတို့နှင့် လုံးဝမသက်ဆိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ဦးအေးစိုးလင်း ၁၀/မလမ(နိုင်) ၁၆၅၁၅၆** — **ဒေါ်စန္ဒာမိုး ၁၀/မဒန(နိုင်) ၀၃၅၅၆၈**
**အမှတ်(၁၂၇)၊ ရာဇဓိရာဇ်လမ်း၊ မြိုင်သာယာရပ်ကွက်၊ မော်လမြိုင်မြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဆောက်လုပ်ရေးဝန်ကြီးဌာန
## အဆောက်အဦဦးစီးဌာန
## အဆောက်အဦအထူးအဖွဲ့(၆)
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## တင်ဒါအမှတ်စဉ် (၂/၂၀၂၅-၂၀၂၆)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ အဆောက်အဦအထူးအဖွဲ့(၆)မှ (၂၀၂၅-၂၀၂၆) ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မန္တလေးတိုင်းဒေသကြီး အတွင်းရှိတည်ဆောက်ရေးလုပ်ငန်းတို့တွင် အသုံးပြုရန်လိုအပ်နေသော စံချိန်စံညွှန်းမီ အရည်အသွေးပြည့်ဝသည့်တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

| | |
|---|---|
| **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** | - (၃-၇-၂၀၂၅ )ရက် |
| **တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** | - (၁၆-၇-၂၀၂၅ )ရက် ညနေ(၄:၃၀) နာရီ |
| **Profile ဖွင့်ဖောက်စစ်ဆေးမည့်ရက်/အချိန်** | - ( ၁၇-၇-၂၀၂၅ )ရက်၊ နံနက်(၁၀:၀၀) နာရီ |
| **တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန်** | - (၁၈-၇-၂၀၂၅)ရက်၊ နံနက်(၁၀:၀၀) နာရီ |
| **တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** | - ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)၊ အဆောက်အဦအထူးအဖွဲ့(၆)ရုံး၊ မန္တလေးမြို့။ |

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် လုပ်ငန်းသုံးပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို အဆောက်အဦဦးစီးဌာန၊ ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)၊ အဆောက်အဦအထူးအဖွဲ့(၆)ရုံး၊ မန္တလေးမြို့တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ တင်ဒါတင်သွင်းမည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)၊ အဆောက်အဦအထူးအဖွဲ့ (၆)ရုံး၊ မန္တလေးမြို့၊ ဖုန်း- ၀၉-၉၅၆၀၈၇၃၂၃, ၀၉-၇၉၅၇၅၉၄၆၂, ၀၉-၂၅၃၈၈၃၉၀၀ သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာ

ကျွန်ုပ်၏အမှုသည်များဖြစ်သော ဦးမင်းမိုးခန့် (၁၂/သလန(နိုင်)၁၉၁၈၂၈) နှင့် ဒေါ်သက်နှင်းထွေး (၁၂/သဃက (နိုင်)၂၀၁၃၈၀)တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ မြို့မတောင်ရပ်ကွက်၊ မြို့ပတ်လမ်း၊ အကွက် အမှတ်(၁၁)၊ မြို့မတောင်ကွက်၊ ဦးပိုင်အမှတ်(၁၃၅)၊ ဧရိယာ(၀.၀၅၅)ဧကအကျယ်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဂရန်အမှတ်တွဲအမှတ်-RPNO-040V/16-17/(23-9-2016)/(23-9-2026)အရ ဒေါ်ချိုချိုအမည်ပေါက်ရရှိထားသော ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိထားပိုင်ဆိုင်၍ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးMARYAR (ဘ)ဦးရန်ကရား (၁၂/သလန(ပြု)၀၀၄၃၃၃) ထံမှ အထက်ဖော်ပြပါ ကျွန်ုပ်၏အမှုသည်များက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ပိုင်းအား ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါခြံမြေနှင့်ပတ်သက်ပြီး ပိုင်ရေး ဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက တရားဝင်စာချုပ်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤခြံမြေရောင်းဝယ်သည့်ကိစ္စအား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာပါသည်။

**ဦးမင်းမိုးခန့်နှင့် ဒေါ်သက်နှင်းထွေးတို့၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းဝင်းသန်း(LL.B)(စဉ်-၈၉၁၅/၁၃) တရားလွှတ်တော်ရှေ့နေ**
**အမှတ်-၁၈၊ ရွှေဝါလမ်း၊ ဒါရိုဂါရပ်ကွက်၊ သန်လျင်မြို့၊**
**(ဖုန်း- ၀၉-၇၉၆၃၄၈၈၇၉၊ ၀၉-၆၉၂၂၅၄၅၆၆)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၉ယ/၆၈၇၈၈, Canda 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ပပဝင်း ၇/ကတခ(နိုင်) ၁၅၂၅၈၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၄ယ/၇၃၇၉၁ ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဇော်ဝင်း ၁၀/မလမ(နိုင်)၁၃၁၆၃၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၂ယ/၈၉၅၁ ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဇော်ဝင်း ၁၀/မလမ(နိုင်) ၁၃၁၆၃၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၅၉၅၂၆ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချို ၁၀/ကမရ (နိုင်)၀၅၈၁၀၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/88455, Follow- Me-125 ယာဉ်လက်ဝယ်ရှိသူ ဦးဟောရီ ၂/ဒမဆ (ပြု)၀၀၀၁၄၆က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ကယားပြည်နယ်ရုံး(လွိုင်ကော်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 52W/11493, Honda Wave-100,M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိန်လွင် ၇/မလန(နိုင်)၀၈၉၉၁၉ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)ပြည်မြို့**

## ပတ်စ်ပို့ပျောက်

ဦးတိန့်ယော်၏သား၊ ကျွန်တော် ယော်ယိန်း ၁/ဝမန(နိုင်)၀၉၄၇၀၈ ၏ နိုင်ငံကူးလက်မှတ်၊ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၆၈၄၂၉၁၇၅**

## အမှန်ပြင်ဆင်ဖတ်ရှုပါရန်

၂-၇-၂၀၂၅ရက်နေ့ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၂) တွင် ပါရှိသော အထက်တန်းရှေ့နေ ဒေါ်ဂျူလိုင်မိုး၏ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် နှစ် (၆၀) မြေငှား ဂရန်အစား ပါမစ်မြေ အမျိုးအစားဟု အမှန်ပြင်ဆင်ဖတ်ရှုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၄၈၈၇၅, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးသီဟအောင် ၉/ခအမ (နိုင်)၀၅၆၃၉၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၆ယ/၈၀၅၅၅, Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးမာ ၅/စကန (နိုင်)၁၆၄၉၁၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

**သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး**




## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်၊ မြေကွက်အမှတ် (ပ-၂၀၆၄၉)ကို အမည်ပေါက် ဦးခင်မောင်ထွေး (ဘ)ဦးအောင်ချမ်းသာ ၁၀/သထန(နိုင်)၀၃၇၅၀၄ (ကွယ်လွန်)၏ အမွေခံ ဇနီးဖြစ်သူ ဒေါ်ခင်အေးဝင်း (ဘ)ဦးသန်းမြင့် ၁၀/မဒန(နိုင်)၀၀၅၁၈၄မှ မြေပေးစလစ်(မူရင်း)ပျောက်ဆုံး သွားသဖြင့် မြေပေးစလစ်(မိတ္တူမှန်) ထုတ်ပေးပါရန် မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်း၊ အမည်ပေါက်၏ သေဆုံးမှုလက်မှတ်၊ မြေပေးစလစ် ပျောက်ဆုံးကြောင်းနှင့် အမွေခံ ဇနီး/ခင်ပွန်းမှန်ကန်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ မြေကွက်ဖိုးသွင်းချလန်၊ မြေပြင်အခြေအနေပြဓာတ်ပုံတို့တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက် ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပေးစလစ်(မိတ္တူမှန်) လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

မော်လမြိုင်မြို့၊ ခြောက်မိုင်၊ ကျွဲခြံကုန်းကျေးရွာ၊ ကွင်းအမှတ်(၆၀၀)၊ ဦးပိုင်အမှတ်(၃၄/၅)၊ မြေချိန်ဧရိယာ(၀.၈၀)ကေရှိ လယ်မြေနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့သည် မော်လမြိုင်မြို့နယ်၊ မြို့နယ်လယ်ယာ မြေစီမံခန့်ခွဲရေးအဖွဲ့မှ (၂၈-၈-၂၀၁၃)ရက်တွင် ၁၃၈/၇/လယဖ/၂၀၁၃-၁၄ အရ(ဘ)ဦးကာဆင်၏သမီး ဒေါ်လုလုဝင်း အမည်ဖြင့် လယ်ယာမြေဥပဒေ ပုဒ်မ-၆၊ ၇နှင့် ၈ တို့အရ စည်းကမ်းချက်များ ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေနည်းဥပဒေ-၁၄(က) အရ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ပုံစံ (၇) ထုတ်ပေးခဲ့ပါသည်။ ဖော်ပြပါ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ ပျောက်ဆုံးသွားပါသဖြင့် မော်လမြိုင်မြို့နယ် မြေစာရင်းဦးစီးဌာနသို့ မိတ္တူမှန်လျှောက်ထားသည့်အပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက် အထားများနှင့်တကွ သတင်းစာကြေညာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာ အပ်ပါသည်။

**ဒေါ်လုလုဝင်း (ဘ)ဦးကာဆင်**
**၁၀/မလမ(နိုင်)၁၁၀၂၆၈**
**ကျွဲခြံကုန်းရပ်၊ မော်လမြိုင်မြို့**

## ဖခင်အမည်မှန်

ကျောက်တလုံးကြီးမြို့ အထက(ခွဲ) ဆောင်းဖိုး Grade-5တွင် ပညာသင်ကြားနေသော နန်းခမ်းမလုံး၏ ဖခင်အမည်မှန်မှာ ဦးခွန်အောင်ကြည် ၁၃/ကတလ(နိုင်)၀၁၃၂၁၉ ဖြစ်ပါကြောင်း။

## အမည်မှန်

ဦးခွန်အောင်ကြည် ၁၃/ကတလ(နိုင်)၀၁၃၂၁၉၏ သမီး ကျောက်တလုံးကြီးမြို့၊ အထက (ခွဲ) ဆောင်းဖိုး Grade-5တွင် ပညာသင်ကြားနေသော နန်းခမ်းမလုံး၏ အမည်မှန်မှာ နန်းဖွောင်လွှဉ်း ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၆)၊ ကွင်း/အကွက်အမှတ်နှင့်အမည်-RAII/ကွက်ပြင်-၂၊ ဦးပိုင်အမှတ်(၁၀၆-ခ)၊ မြေဧရိယာ(၀ဒသမ၇၃)ကေအကျယ် ဂရန်မြေကွက်ကြီး၏ တောင်ဘက်အစွန်းခြမ်းရှိ အရှေ့/အနောက်ဘက်(၄၀/၄၀)ပေ၊ တောင်မြောက်(၈၀/၈၀)ပေ အကျယ်အဝန်းရှိ ဂရန်မြေကွက် အစိတ်အပိုင်းအား ဂရန်အမည်ပေါက်သူ ရရှိထားသူ ထံမှ ဦးပိုင်ခွဲ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုကာတရားဝင် အမည်ပေါက်ပိုင်ဆိုင်ခွင့်ရရှိရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသပေးချေကာ ဝယ်ယူခဲ့ပြီး ဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါ ဂရန်မြေကွက် အစိတ်အပိုင်းနှင့်စပ်လျဉ်းပြီး တရားဝင်ပိုင်ဆိုင်ခွင့် အခွင့်အရေးရှိသူ၊ အကျိုးခံစားခွင့်ရှိသူ မည်သူမဆိုသည် ယနေ့မှစ၍ (၁၅)ရက်အတွင်း ပိုင်ဆိုင်မှု မြေဂရန်မူရင်းနှင့်တကွ အထောက်အထား ခိုင်လုံစွာဖြင့် သက်ဆိုင်ရာရုံးဌာနအသီးသီးတွင် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ထားသည့်နေ့ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ- |
|---|---|
| ဒေါ်လှိုင်ယမင်းအေး | ဒေါ်ဖြိုးပပဝင်း(LL.B,D.B.L,WIPO(Switzerland)) |
| ၉/မခန(နိုင်) ၂၁၉၁၀၄ | တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၈၂/၂၀၁၂) |
| | အခန်းအမှတ်(၂၄)၊ YMCA တိုက်ခန်း၊ မန္တလေး-လားရှိုးလမ်းမကြီး၊ရပ်ကွက်ကြီး(၁)၊ပြင်ဦးလွင်မြို့၊ |
| | ဖုန်း-၀၉-၂၀၅၀၁၂၈ |

## အမည်မှန်

ဦးဇော်လင်းထိုက်၏ သား ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ အထက(၂) ဒဂုံဆိပ်ကမ်း Grade-5 တွင် ပညာသင်ကြားနေ သော မောင်လင်းထက်၏အမည်မှန်မှာ မောင်အာကာလင်းထက် ဖြစ်ပါကြောင်း။

**မောင်အာကာလင်းထက်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၆၇၅၅၄, Zong Shen-110 ယာဉ်လက်ဝယ်ရှိသူ ဦးချမ်းငြိမ်းအောင် ၉/အမရ(နိုင်)၁၄၈၉၂၃ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/6446, Kenbo 125 ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းအောင်မင်း ၂/လကန(နိုင်)၀၅၀၀၈၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ကယားပြည်နယ်ရုံး(လွိုင်ကော်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7W/51553, Kenbo 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာအေး ၂/လကန(နိုင်)၀၀၄၈၈၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ကယားပြည်နယ်ရုံး(လွိုင်ကော်)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မစိုးရိမ်အနောက်၊ ဦးပိုင်အမှတ် (၅၇ᵏ)၊ ဧရိယာ(၀.၁၅၁)ကေရှိ ဘိုးဘပိုင်မြေကွက်အား အမည်ပေါက်သူ ဒေါ်သင်းလှိုင် ၉/ပမန(နိုင်)၀၀၆၂၁၅ မှ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်း မှတ်ပုံတင်စာချုပ်အမှတ် (၅၂/၁၉၉၅)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဒေါ်ရီရီမာ(ခ)ဒေါ်ရင်နု ၁၂/ဗဟန (နိုင်)၀၄၀၆၈၁နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၈)၊ အောင်မင်္ဂလာလမ်း၊ မြေကွက်အမှတ် (၉၀၇)ဟုခေါ်တွင်သော အကျယ်အဝန်း (၄၂ပေx၆၀ပေ)၊ (၀.၀၅၈) ကေရှိ နှစ်(၆၀) ဂရန်မြေကွက်သည် ဦးအောင်ကျော်ဆင့် အမည်ဖြင့် မှတ်သားတည်ရှိပြီး ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်ကြီးတောင် (၁၂/ဗတထ(နိုင်) ၀၁၆၁၂၀) မှအရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးဒရိုနော်ရိန် (၁၂/ဒဂမ(နိုင်)၀၃၃၁၈၆) နှင့် ဒေါ်မိသီတာအေး (၃/ဘအန(နိုင်)၂၄၀၉၉၇)တို့မှ ဝယ်ယူရန်အတွက် စရန်ငွေကို ပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ**
**ဒေါ်စိုးသီတာအေး LL.B,WIPO (Switzerland)**
**အထက်တန်းရှေ့နေ၊ စဉ်-၄၈၁၇၀**
**အမှတ်(၉)၊ စက်မှုလယ်ယာ(၁)လမ်း၊ (၁၃)ရပ်ကွက်၊**
**ဒဂုံအရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၄၄၆၇၇၇၁၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/64138, Honda Click 150, ယာဉ်လက်ဝယ်ရှိသူ Zay Thi Ha Lin Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ကယားပြည်နယ်ရုံး(လွိုင်ကော်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/9414, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးဝင်း (၂/ဘလခ(နိုင်)၀၀၇၄၅၁) က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ကယားပြည်နယ်ရုံး(လွိုင်ကော်)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မင်္ဂလာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၅)၊ မြေကွက်အမှတ်(၈၆၈/က)ဟုခေါ်တွင် သော အကျယ်အဝန်း(၂၀ x ၆၀)ပေရှိ ဦးသိန်းဟန်(AD-018590)အမည်ပေါက် စလစ်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမွေဆက်ခံနိုင်ခွင့်ရှိသူများထံမှ တရားဝင်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိပိုင်ဆိုင်သည်ဟု ဝန်ခံကတိပြုသူ ဦးမြင့်အေး ၁၂/ဥကမ(နိုင်) ၁၇၁၅၁၃က ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးသန့်ဇင်ဦး ၁၂/ဥကတ(နိုင်) ၁၄၉၇၈၈မှ ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

ထိုခြံမြေနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီတာနှင်းအေး(LL.B) အထက်တန်းရှေ့နေ(စဉ်-၄၈၅၆၇)**
**အမှတ်(၃၁/က)၊ ဟားခါးလမ်း၊ (၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)**
**မြို့နယ်၊ ဖုန်း -၀၉-၈၈၂၇၈၃၇၂၆၊ ၀၉-၄၃၁၂၆၅၉၉**

## သားအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

ရေနံ့ချောင်းမြို့၊ သူဌေးကုန်းရပ်ကွက်၊ ဈေးတန်းရပ်နေ ကျွန်တော် ဦးနန်းအောင် ၈/ရနခ(နိုင်) ၀၉၂၀၂၆နှင့် ကျွန်မဒေါ်ခိုင် ၈/ရနခ(နိုင်)၁၃၁၆၆၆ တို့၏သား မောင်စိုးနော်နော် ၈/ရနခ(နိုင်) ၁၆၂၄၂၃သည် မိဘနှစ်ပါး၏ ဆိုဆုံးမမှုကို နားမထောင်သည့်အပြင် မိဘများလက်မခံနိုင်သည့်ကိစ္စရပ်များကို မပြုလုပ်ရန် တားမြစ်ထားသော်လည်း လက်မခံဘဲ ထင်ရာစိုင်းနေပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ မောင်စိုးနော်နော်အား သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် မောင်စိုးနော်နော်နှင့် ပတ်သက်သည့်ကိစ္စအဝဝကို မိဘနှစ်ပါးမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိဘများ-ဦးနန်းအောင်-ဒေါ်ခိုင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်၊ ကင်းကျေးရွာနေ ဦးပြေညွန့်၏သား ဦးဘုန်းကျော်(ခ)ဦးဖုန်းကျော် ၅/မမန(နိုင်)၀၂၆၃၈၆ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

တောင်သာမြို့နယ်၊ ရေခါးကျေးရွာအုပ်စု၊ ရေခါးကျေးရွာမှ မြင်းခြံအစိုးရနည်းပညာ အထက်တန်းကျောင်း (GTHS)၊ Grade-12 တွင် ပညာသင်ကြားနေသော မောင်ဌေးဝင်း၏ ဖခင်အမည်မှန်မှာ ဦးစိုးမြင့် ၉/တသန(နိုင်) ၀၀၂၅၆၆ ဖြစ်ပါကြောင်း။

**ဦးစိုးမြင့်**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၆)၊ မြေတိုင်း(၁၈)၊ မြေကွက်အမှတ်(၅၇၀)၊ ဧရိယာ(၀ဒသမ၀၆၂)ကေရှိ မြေကွက်ကို ပဲခူးခရိုင်မြို့မြေမှုအမှတ် ၃၂၄/V/၁၉၉၆-၉၇ အရ ၂၇-၉-၁၉၉၆မှ ၂၆-၉-၂၀၂၆ထိ ကျွန်တော် ဦးတင်မျိုးဝင်း အမည်ဖြင့် ဂရန်ထုတ်ပေးခဲ့ပါသည်။ အဆိုပါဂရန်မူရင်းသည် ပျောက်ဆုံးလျက်ရှိပါသဖြင့် မြေငှားဂရန်မိတ္တူမှန်ထုတ်ပေးရန် လျှောက်ထားမည်ဖြစ်ကြောင်းနှင့် အကျိုးသက်ဆိုင်သူမည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးတင်မျိုးဝင်း ၇/ပခန(နိုင်) ၀၀၄၃၃၈**
**အမှတ်(၁၂၈)၊ ဝေါလမ်း၊ (၃)ရပ်ကွက်၊ ဘုရားကြီးမြို့၊ ပဲခူးတိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရှမ်းတဲကြီးရပ်ကွက်၊ (၂)လမ်း၊ အမှတ် (၂၆၈)ဟု ခေါ် တွင်သော မြေတိုင်းရပ်ကွက်အမှတ် (၂၆၈)၊ မြေကွက်အမှတ် (၂၆၈)၊ ဧရိယာ အကျယ် (၅၀ပေx၉၈ပေ)ရှိ ခြံမြေကွက်နှင့် ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသော ဒေါ်ချိုဝေသင်း (၁၂/ဒဂရ(နိုင်) ၀၂၆၃၀၄)က ရောင်းချမည်ဖြစ်ရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့် ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခွန်ကျော်မြင့်လှိုင်**
**(တရားလွှတ်တော်ရှေ့နေ) စဉ်-၁၈၁၄၄**
**အမှတ် (၅၅)၊ အခန်း (၂၅)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၆၅၁၅၈၆၄၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၃)၊ မြေကွက်အမှတ်(၃၄၇) ဟု ခေါ်တွင်သည့် အကျယ်အဝန်း (၄၀'x၆၀')စတုရန်းပေရှိ ပါမစ်မြေကွက်သည် ရန်ကုန်မြို့၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးစိုးမြင့် အမည်ပေါက်လျက်ရှိသည့် မြေချပါမစ်မြေကွက်ကို ၎င်းထံမှတစ်ဆင့် အဆက်ဆက်ဝယ်ယူလက်ရှိထား ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသည့် ဒေါ်ဝင်းဝင်းရွှေ(၁၂/စခန(နိုင်) ၀၃၀၅၀၃) ထံမှတစ်ဆင့် ကျွန်ုပ်၏ မိတ်ဆွေ ဦးကျော်လင်းထက် (၁၂/ဥကတ(နိုင်)၁၇၂၁၃၄) သည် အဆိုပါမြေကွက်မှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း (အလျား၂၀xအနံ၆၀ပေ) မြေကွက်ကို အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ဇာလီအောင်**
**တရားလွှတ်တော်ရှေ့နေ (စဉ် -၁၄၃၅၂/၂၀၁၈)**
**တိုက် ၃/၂၀၅၊ စင်းကားအိမ်ရာ၊ ၃၆)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၂၀၃၈၉၃၉**

## ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် AYY/73843, Honda RSX 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောဘွေခူ ၁၄/ကကန(နိုင်)၁၆၁၈၁၂ မှ ဖောင်းကြွနံပါတ်ပြားပျောက် လာရောက်လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြားအဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၂၁၀၅၃, HondaDream 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သိန်း ၆/လလန(နိုင်)၀၃၄၃၄၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၈ယ/၃၀၀၁, Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးခင်ဟို ၆/ထဝန(နိုင်)၀၉၃၆၀၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၂ယ/၈၀၁၂၄, HondaDream 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ထွေး ၆/ထဝန(နိုင်)၀၀၇၇၅၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ထားဝယ်)**

## မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးဌာန ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၂၅-၂၀၂၆ ခုဘဏ္ဍာရေးနှစ်အတွင်း ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ ဦးပိုင်အမှတ်(၁)၊ အကွက်အမှတ်(၂၈/သုမင်္ဂလာ)၊ မြို့ပတ်လမ်းနှင့် မန္တလေး-လားရှိုးလမ်းထောင့်ရှိ နိုင်ငံတကာအဆင့်မီ (၆)ထပ် သုမင်္ဂလာ Shopping Mall ၏ (၄)လွှာတွင် Play Ground အတွက် အဆိုပြုဧရိယာ ၂၅၈၉၆ စ/ပေ၊ (၅)လွှာတွင် Play Groundအတွက် အဆိုပြုဧရိယာ ၁၆၅၃၉ စ/ပေ နှင့် လူ(၂၅၀)ဆံ့ရုပ်ရှင်ရုံ(၂)ရုံအတွက် အဆိုပြုဧရိယာ (၁၀၇၅၃ စ/ပေ) ဆောင်ရွက်ရန် လျာထားပါသည်။

၂။ အဆိုပါ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရန် နေရာငှားရမ်းခြင်းအတွက် စိတ်ပါဝင်စားသော မြန်မာနိုင်ငံသား ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် အဆင့်မြင့် Play Ground နှင့် လူ(၂၅၀)ဆံ့ ရုပ်ရှင် ရုံ(၂)ရုံ၏ 3D Design, Floor Plan များရေးဆွဲ၍ အဖွဲ့ရုံးသို့ အောက်ပါအတိုင်း လာရောက်လျှောက်ထားနိုင်ပါသည်-

**လျှောက်လွှာရောင်းချမည့်ရက်** - ၁-၇-၂၀၂၅ရက် (မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး)

**လျှောက်လွှာပိတ်ရက်** - ၁၅-၇-၂၀၂၅ရက်(ရုံးချိန်အတွင်း)

**မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

**ဖုန်း - ၀၈၅-၂၀၂၃၂၅**

## အများသိစေရန် ကြေညာအပ်ပါသည်

